ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ တာဝန်။ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တပ်မတော်၊ တာဝန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ငင်အတိုင်း။ ဒေါက်တာစိုင်းဆိုင် ကျောက်ဆမ်၊ ရှမ်း(၆)၊ ငင်းအတိုင်း။ ဦးရှုမောင်၊ ရှမ်း(၈)၊ စီမံကိန်းကော်မတီ အစည်းအဝေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်၊ ကော်မတီ အစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်၊ ကျုံတကင်း၊ အောက်ရေကံကုန်းကျေးရွာချင်းဆက် မြေသားလမ်းအား ဘီးကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်၊ ကျုံတကင်း၊ အောက်ရေကံကုန်း ကျေးရွာချင်းဆက်

မြေသားလမ်းအား ဘီးကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပမာဏ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်၊ ကျုံတကင်း၊ အောက်ရေကံကုန်းကျေးရွာချင်းဆက်မြေသားလမ်းအား ဘီးကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်၊ ကျုံတကင်း၊ အောက်ရေကံကုန်းကျေးရွာချင်းဆက် လမ်းအရှည်ပေ(၄)မိုင် (၂)ဖာလုံရှိသော လမ်းမကြီးတွင် ရာသီမရွေးနေ့စဉ် အသုံးပြုသွားလာနေသော ကျေးရွာခွဲများဖြစ်သည့် လိမ်ပင်၊ ရေကံစု၊ မြောက်စု၊ လေးအိမ်တန်း၊ ရေကြည်၊ လှည်းလမ်း ကူး၊ ကျုံတကင်း၊ တော်ကွဲ၊ အထက်စု၊ အောက်စု၊ အောက်ရေကံကုန်း အရှေ့၊ အနောက်၊ ဗောဓိကုန်း၊ အညာစု၊ ကရင်စု စတဲ့ ကျေးရွာများမှ အိမ်ထောင်စုပေါင်း(၂၀၀၀)၊ လူဦးရေပေါင်း(၂၀၀၀၀)ကျော်မှာ နေ့စဉ်အသုံးပြုလျက် ရှိကြပါတယ်။ ၎င်းလမ်းမကြီးဟာ မိုးတွင်းကာလတွင် လမ်းမကောင်းသဖြင့် ဒေသခံပြည်သူများဟာ ကျန်းမာရေး၊ ပညာရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် အခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်။

၎င်းကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ဘီးကွန်ကရစ်လမ်း ခင်းပေးနိုင်ရန် လေးစားစွာတင်ပြအပ်ပါတယ်။ လိမ်ပင်မှ ကျုံတကင်းကျေးရွာသို့ လမ်းအရှည်(၂)မိုင် (၁)ဖာလုံ၊ အကျယ်(၁၈)ပေ။ ကျုံတကင်းမှ အောက်ရေကံကုန်းလမ်းအရှည် (၂)မိုင် (၁)ဖာလုံ၊ အကျယ်(၁၈)ပေ။ သို့ဖြစ်ပါ၍ တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်ကျေးရွာမှ ကျုံတကင်းကျေးရွာသို့ လမ်းအရှည်မိုင် (၂)မိုင်၊ (၁)ဖာလုံ၊ အကျယ်(၁၈)ပေနှင့် ကျုံတကင်းကျေးရွာမှ အောက်ရေကံကုန်းကျေးရွာသို့ မြေသားလမ်း အရှည်(၂)မိုင် (၁)ဖာလုံ၊ အကျယ်(၁၈)ပေအား ဘီးကွန်ကရစ်လမ်းခင်းပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်) ကျေးရွာချင်းဆက်လမ်းတွင် ဆက်ခင်းရန်ကျန်ရှိသည့် လမ်းပိုင်း ကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်) ကျေးရွာချင်းဆက်လမ်းတွင် ဆက်ခင်းရန်ကျန်ရှိသည့်လမ်းပိုင်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပြီးတော့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်)ကျေးရွာချင်းဆက်လမ်းမှာ ဆက်ခင်းရန် ကျန်ရှိနေတဲ့လမ်းအပိုင်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်) ကျေးရွာချင်းဆက်လမ်းဟာ (၁၃၇၇၄.၄၆)ပေရှိပါတယ်။ သမိုင်းဝင်ဒေးစွန်ပါဘုရားကြီး တည်ရှိရာဒေသဖြစ်တဲ့အတွက် အနယ်နယ်အရပ်ရပ်က ဘုရားဖူးခရီးသွားတွေဟာ များပြားတဲ့ ကျေးရွာချင်းဆက် လမ်းတစ်လမ်း ဖြစ်ပါတယ်။ မိဘပြည်သူတွေရဲ့ ထည့်ဝင်ငွေကြေးနဲ့ ပေ(၂၄၀၀)ကိုလည်း ကွန်ကရစ်လမ်းအဖြစ်ခင်းပြီး ဖြစ်ပါတယ်။ (၁၆)ပေအကျယ်နဲ့ လမ်းတစ်ဖက်တစ်ချက်ကို ဂဝံလမ်း(၃)ပေစီခင်းထားပြီးတော့ စုစုပေါင်းကျပ်ငွေ(၉၁၁)သိန်းကျော် ကျခံသုံးစွဲပြီး ခင်းထားခြင်း ဖြစ်ပါတယ်။ ဒီလမ်းမှာ ဆက်ခင်းရန်ကျန်တဲ့ ပေကတော့ (၁၁၃၇၄.၇၆)ပေ ကျန်ရှိပါတယ်။ ဒါကြောင့် ကျန်ရှိနေတဲ့ ကျေးရွာချင်းဆက်လမ်းကို ဆက်လက်ပြီးတော့ ကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျေးရွာပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**တနင်္သာရီမြို့နယ်၊ အောက်ကင်းအနောက်ကျေးရွာနှင့် ကတော့ကမ်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန် ကျန်ရှိနေသည့် မြေသားလမ်းကို ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၊ အောက်ကင်းအနောက်ကျေးရွာနှင့် ကတော့ကမ်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန် ကျန်ရှိနေသည့် မြေသားလမ်းကို ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းမယ့် မေးခွန်းကတော့ မေးခွန်းမမေးမြန်းခင်မှာ မေးခွန်းမှာ မှားနေတဲ့ အချက်ကလေးနည်းနည်းလေး တင်ပြချင်ပါတယ်။ မဲဆန္ဒနယ်အမှတ်(၁၀)

တနင်္သာရီမြို့နယ် ဖြစ်ပါတယ်။ အဲဒီမှာစာထဲမှာ မြိတ်မြို့နယ် ဖြစ်နေပါတယ်။ ပြီးတော့တစ်ခါ အောက်ကင်း အနောက်ကျေးရွာနှင့် ကတော့ကမ်းကျေးရွာ ဖြစ်ပါတယ်။ စာထဲမှာ ကတော့လမ်း ဖြစ်နေပါတယ်။ အဲဒါလေး နည်းနည်းလေး ပြန်လည်ပြင်ဆင် တင်ပြချင်ပါတယ်။

အခု ဆက်လက်ပြီးတော့ ကျွန်တော် မေးခွန်း မေးမြန်းရတဲ့နေရာမှာ မဲဆန္ဒနယ်အမှတ်(၁၀) တနင်္သာရီမြို့နယ်၏ အောက်ကင်းအနောက်ကျေးရွာနှင့် ကတော့ကမ်းကျေးရွာချင်းဆက် လမ်းဖောက် လုပ်ရန် ကျန်ရှိနေသည့် မြေသားလမ်းကို ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ ပတ်သက်ပြီး တင်ပြမေးမြန်းသွားဖို့ ဖြစ်ပါတယ်။ ဒီတနင်္သာရီမြို့နယ်၏ အောက်ကင်းအနောက် ကျေးရွာနဲ့ ကတော့ကမ်းကျေးရွာချင်းလမ်းကို ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်က ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး ရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဖောက်လုပ်ခဲ့တာဟာ ဒီ ကတော့ကမ်း ကျေးရွာအပိုင်းကနေ ပြီးတော့ (၃)မိုင်ခန့်ကို ဖောက်လုပ်လို့ ပြီးစီးနေပြီ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ အောက်ကင်းအနောက် ကျေးရွာဘက်အပိုင်းမှာ ကျတော့ (၃)မိုင်ခန့်သော ကျန်ရှိနေတဲ့အပိုင်းမှာ ဥယျာဉ်ခြံမြေများ ဖြစ်ပြီးတော့ အဲဒီမှာ လမ်းဆက်ဖောက် မယ်ဆိုရင် သီးပင်တွေ အနည်းနဲ့အကျဉ်းတော့ ထိခိုက်မှုရှိဖို့ ရှိပါတယ်။ ဒါပေမယ့်လည်း ဥယျာဉ်ခြံမြေ ပိုင်ရှင်များနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များ အပါအဝင် အုပ်ချုပ်ရေးမှူးနဲ့တကွ ဝိုင်းဝန်းတိုင်ပင် ညှိနှိုင်းပြီးတော့ လမ်းဖောက်လို့ရှိရင် အားလုံး ဝိုင်းဝန်းပါဝင်ပြီးတော့ ဒီဆုံးရှုံးနစ်နာတဲ့ အပင်ကလေးတွေ အတွက်လည်းပဲ ထိုက်သင့်သော လျော်ကြေးကို ပေးဆောင်မှာဖြစ်ပြီးတော့ ဒီခြံမြေရှင်များကလည်းပဲ မိမိရဲ့ သီးပင်များမှ ထွက်ရှိလာတဲ့ ခြံထွက်ပစ္စည်းများကို လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အဆင်ပြေလာမှာဖြစ်တဲ့အတွက် တစ်ဖက်တစ်လမ်းက ဒီ ပါဝင်ကူညီဖို့ ညှိနှိုင်းထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီလမ်းက ဖောက်လုပ်ပြီးစီးသွားလို့ရှိရင် ကျွန်တော်တို့ တနင်္သာရီမြို့ကနေပြီး တော့ အောက်ကင်းအနောက်ကမ်းကျေးရွာ၊ ကတော့ကမ်းကျေးရွာ၊ ဘဝါကျေးရွာ၊ အနောက်သရဖုံ ကျေးရွာနဲ့ ဒီ လယ်သစ်ကျေးရွာအထိကို လွယ်လင့်တကူသွားလာနိုင်ပြီး ဒေသခံပြည်သူများရဲ့ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်တော့မှာ ဖြစ်တဲ့အပြင် ကျွန်တော်တို့ လယ်သစ်ကနေပြီးတော့ နွယ်ရစ်ကျေးရွာအထိကို ဒီ လူသွားလမ်း ဆက် ဖောက်ပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ ကျွန်းစုမြို့နယ်ကနေတစ်ဆင့် မြိတ်မြို့နယ်ကို တနင်္သာရီမြစ်ကြောင်းရဲ့ အနောက်ဘက်လမ်း အနေနဲ့ သွားလာလို့ လွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ် ပါတယ်။

ဒါကြောင့် ဒေသခံပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများ တိုးတက် ဖွံ့ဖြိုးစွာ ဆောင်ရွက်နိုင်ရေးအတွက် ဒီ ကျန်ရှိနေသေးတဲ့ အောက်ကင်းအနောက်ကျေးရွာအပိုင်း (၃)မိုင်ခန့် လောက်ကို ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်မှာ ကျွန်တော်တို့ ဒီ နတလ ကသော်လည်းကောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးဌာနက သော်လည်းကောင်း၊ တနင်္သာရီတိုင်း ဖွံ့ဖြိုးရေးရန်ပုံငွေကသော်လည်းကောင်း တစ်ခုခုနဲ့ သင့်လျော်သလို ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/ မရှိ ကို ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျုံပျော်မြို့နယ်၊ ရွှေနံ့သာ-ဇနိုးကွင်းလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဒိုက်ပျက်-သရက်ချောင်းလမ်းပေါ်ရှိ ဦးဖိုးရွှေ တံတားအား သံကူကွန်ကရစ် တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က ကျုံပျော်မြို့နယ်၊ ရွှေနံ့သာ-ဇနိုးကွင်းလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဒိုက်ပျက်-သရက်ချောင်းလမ်းပေါ်ရှိ ဦးဖိုးရွှေတံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ ပျက်စီးယိုယွင်းလျက်ရှိနေတဲ့ ကျေးလက်လမ်းနဲ့ တံတား ပြုပြင်ပေးပါရန် မေတ္တာရပ်ခံ တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဦးစွာပထမ မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျုံပျော်မြို့နယ်ဟာ ရွှေနံ့သာ-ဇနိုးကွင်းလမ်း ဖြစ်ပြီး ကျေးလက်လမ်း ဖြစ်ပါတယ်။ ကျုံပျော်မြို့ မြို့ပတ်လမ်းဖြစ်တဲ့ တာသစ်လမ်းမကြီးနဲ့ တိုက်ရိုက် ဆက်သွယ်နိုင်ပြီး လမ်းအရှည်(၄)မိုင်ရှိပါတယ်။ အဆိုပါလမ်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ထောက်ပံ့ငွေနဲ့ မြို့နယ်စည်ပင်သာယာ ရန်ပုံငွေ စုစုပေါင်းကျပ် (၂၇)သန်းကျော်ဖြင့် ကျောက်ချောလမ်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ရွှေနံ့သာ-ဇနိုးကွင်းလမ်း ကျေးလက် လမ်းတစ်လျှောက်မှာ လဟာပိုင်း၊ ကွင်းသာ၊ ထိန်တပင်၊ ထိန်လုကြီးကျေးရွာအုပ်စုများ တည်ရှိပြီး ကျေးရွာပေါင်း(၁၅)ရွာ၊ အိမ်ထောင်စု(၁၁၀၀)ကျော်၊ လူဦးရေပေါင်း(၃၉၀၀)ကျော် အား အကျိုးပြုလျက် ရှိပါတယ်။ ကျောက်ချောလမ်းခင်းခြင်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်ခဲ့သဖြင့် သက်တမ်းမှာ (၁၀)နှစ်ကျော်ပြီဖြစ်ခြင်း၊ မိုးများ ရေကြီးနစ်မြုပ်ခြင်း တို့ကြောင့် ပျက်စီးယို ယွင်းလျက်ရှိပြီး အချို့နေရာများမှာ သွားမရအောင် ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ရွှေနံ့သာ-ဇနိုးကွင်းလမ်းအား ကျောက်ချောလမ်း ခင်းပေးနိုင်ခြင်း ရှိ/မရှိ ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကတော့ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်-သရက်ချောင်း လမ်းပေါ်ရှိ ဦးဖိုးရွှေတံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒီတံတားဟာ ပေ(၂၀)ခန့်သာရှည်ပြီး ဒေသခံကျေးလက်ပြည်သူတို့ရဲ့ အိမ်ခြေ ပေါင်း(၉၀၀)ကျော်၊ လူဦးရေပေါင်း(၄၄၀၀)ကျော်တို့ကို အကျိုးပြုလျက်ရှိတဲ့ တံတား ဖြစ်ပါတယ်။ တံတားဟာ ကြံ့ခိုင်မှု လွန်စွာအားနည်းနေတဲ့အတွက် အန္တရာယ်ရှိတဲ့တံတား လည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံကျေးလက်ပြည်သူတို့ရဲ့ အကျိုးအတွက် တင်ပြပါတံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်ပေးပါရန် မေတ္တာရပ်ခံခြင်းနဲ့အတူ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

**နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ မြောက်မြို့က်ကျေးရွာမှ လွှဘုံကျေးရွာသို့ ဆက်သွယ်သည့် လမ်းအား ပြုပြင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ မြောက်မြို့က်ကျေးရွာမှ လွှဘုံကျေးရွာသို့ ဆက်သွယ်သည့် လမ်းအား ပြုပြင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ မြောက်မြို့က်ကျေးရွာမှ လွှဘုံကျေးရွာသို့ ဆက်သွယ်တဲ့လမ်းကို ပြုပြင် ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်ကုန်းမြို့နယ်ဟာ နေပြည်တော်ကောင်စီ နယ်မြေထဲက မြို့နယ်တစ်ခု ဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ ဝေးလံကြတဲ့ ကျေးရွာတော်တော်များများဟာ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေကြဘဲ ခက်ခဲလျက်ရှိနေဆဲပဲ ဖြစ်ပါတယ်။ မိုးရာသီကာလများမှာ လမ်းများအနေနဲ့ သွားလာလို့မရလောက်အောင် ပျက်စီးလျက်လည်း ရှိနေကြပါတယ်။ တပ်ကုန်းမြို့နယ်ရှိ လွှဘုံကျေးရွာဟာ မြို့နဲ့(၂၂)မိုင်ကွာဝေးတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ လွှဘုံကျေးရွာဟာ အိမ်ခြေ(၆၇၉)အိမ်ရှိပြီးတော့မှ လူဦးရေအားဖြင့် (၃၀၀၀)ဦးခန့် နေထိုင်တဲ့ ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ တပ်ကုန်းမြို့နယ်မှ လွှဘုံကျေးရွာကိုသွားတဲ့ လမ်းတစ်လျှောက်မှာ မြောက်မြို့က်ကျေးရွာ၊ အလယ်ကျွန်းကျေးရွာ၊ ကြီးအင်းကျေးရွာနဲ့ သာယာအေးကျေးရွာ တို့ ဖြတ်သန်းသွားလာရပါတယ်။

အထက်ပါ ကျေးရွာများဟာ ဆင်သေဆည်ကြီးရဲ့ အထက်ဘက် တောင်တန်းဒေသများမှာ ဖြစ်ပြီးတော့မှ မြို့နဲ့အလှမ်းကွာဝေးတဲ့အပြင် လမ်းများဟာ သွားလာရေး အခက်အခဲရှိနေတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးမှု နောက်ကျလျက်လည်း ရှိပါတယ်။ ကျေးရွာများကို သွားရ တဲ့ လမ်းများဟာ နှစ်ကာလကြာမြင့်လာတာနဲ့အတူ ရာသီဥတုဒဏ်ကြောင့် လမ်းများပျက်စီးမှုများ ဖြစ်ပေါ် လာတဲ့အတွက် ကျေးရွာဒေသခံများအနေနဲ့ နှစ်စဉ်နှစ်တိုင်းဆိုသလို ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ကျေးရွာ

အစီအစဥ်နဲ့ဘဲ ကျွန်တော်တို့ ပြန်လည်ပြုပြင်သွားလာနေကြရပါတယ်။ မိုးရာသီကာလများမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကမ်းပါးပြိုကျခြင်း၊ ရွံ့ဗွက်များ ထူပြောခြင်း၊ တောင်ပေါ်လမ်းများ ဖြစ်ခြင်းများကြောင့် လမ်းချော်မှုများရှိပြီး၊ သွားလာ၍ မရလောက်အောင် လမ်းများပျက်စီးမှုများ နှစ်စဥ် ကျွန်တော်တို့ ကြုံတွေ့ရလျက် ရှိပါတယ်။ မဖြစ်မနေသွားလာရရင်လည်းပဲ သွားလာရင်းနဲ့ မိုး များရွာသွန်းလာပါက ဆက်ပြီးသွား၍မရဘဲ လမ်းမှာညအိပ်ရတဲ့အဆင့်အထိရှိကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ လွဘုံကျေးရွာကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲသွားရောက်ခဲ့တဲ့နေရာမှာ ထွန်စက်နဲ့သွားရပြီးတော့မှ လမ်းမှာ ကျွန်တော်တို့ ထွန်စက်တောင် မောင်းလို့ မရဘဲနဲ့ ရွံ့ဗွက်မှာနစ်ပြီး ဆွဲထုတ်ခဲ့ရတဲ့အဆင့်အထိအောင် ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတာ ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ဆင်သေဆည်အထက်တွင် တည်ရှိကြတဲ့ မြောက်မြိုက်ကျေးရွာမှ လွဘုံကျေးရွာသို့ ဆက်သွယ်သည့် လမ်းအား မိုးရာသီကာလများမှာပါ သွားလာနိုင်ရန်အတွက် ရိစာလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ နဲ့ ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ဖောက်လုပ် ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒနယ်ရှင် ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းထားတဲ့ မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးခွန်းအလိုက် ပြန်လည်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်ရဲ့ မေးခွန်းကို ဦးစွာပထမ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ အဖျောက်အုပ်စု၊ လိမ်ပင်ကျေးရွာမှ ကျုံတကင်းကျေးရွာ ဆက်လမ်းမှာ (၂)မိုင် နဲ့ (၁)ဖာလုံ ရှိပါတယ်။ ကျုံတကင်းကျေးရွာမှ အောက်ရေကံကုန်းကျေးရွာဆက်လမ်းမှာ (၂)မိုင်နဲ့ (၃)ဖာလုံရှိပြီးတော့ မြေသားလမ်း ဖြစ်ပြီးတော့ ကျေးရွာ(၁၃)ရွာ လူဦးရေ(၄၄၈၂)ဦး အကျိုးပြုပါတယ်။ အဆိုပါ လမ်းနှစ်လမ်းက စုစုပေါင်း(၄)မိုင်နဲ့ (၄)ဖာလုံ ဝေးပါတယ်။ ကွန်ကရစ်ဘီးလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်မယ်ဆိုလို့ရှိရင် သန်း(၄၅၀)ကျပ်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ယခုနှစ်အနေနဲ့ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၄-၂၀၁၅

မှာ ရန်ကုန်တိုင်းအနေနဲ့ (၉.၉)ဘီလီယံ လမ်းအရှည် အားဖြင့် ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်း မိုင်(၁၄၀.၄)ဖာလုံကို ခွင့်ပြုထားတာ ဖြစ်ပါတယ်။ တိုက်ကြီးမြို့နယ်ချုပ်အနေနဲ့ ကြည့်လို့ရှိရင် ၂၀၁၄-၂၀၁၅ မှာ ဆိုလို့ရှိရင် သန်း(၇၃၀) လမ်းအရှည်အားဖြင့် ကတ္တရာလမ်းနဲ့ မြေလမ်း (၁၂)မိုင်နဲ့ (၄)ဖာလုံ ခွင့်ပြုထားတာ ရှိပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တိုက်ကြီးမြို့နယ်၊ လိမ်ပင်-ကျုံတကင်းလမ်းနှင့် ကျုံတကင်း-အောက်ရေကံကုန်း လမ်းတို့ဟာ မွေးမြူရေးနဲ့ ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ခွင့်ပြုထားခြင်း မရှိပါဘူးခင်ဗျား။ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ဦးစားပေးလုပ်ငန်းအလိုက် လျာထားဆောင်ရွက် ပေးလျက်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ဆက်လက်ပြီးတော့ တင်ပြပါမယ်ခင်ဗျား။

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်) ကျေးရွာချင်းဆက်လမ်းဟာ ကွန်ကရစ်လမ်း (၄)မိုင်ခင်းပြီး ဖြစ်ပါတယ်။ ခုနကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာ ပါပါတယ်။ မြေလမ်း (၂)မိုင်နဲ့ (၁)ဖာလုံ ကျန်ရှိပါတယ်။ အဲဒီ (၂)လမ်းပေါင်းရင် စုစုပေါင်း (၂)မိုင်နဲ့ (၅)ဖာလုံ ရှိပြီးတော့ ကျေးရွာ (၂)ရွာ ပြည်သူ(၅၉၀၀)ကျော် အကျိုးပြုလျက်ရှိပါတယ်။ ဝမ်းဘဲအင်း-ကံဘဲ့ (ကံမြင့်) လမ်းဟာ အရှည် (၂)မိုင်နဲ့ (၁)ဖာလုံ ကွန်ကရစ်ခင်းရန်အတွက် ခန့်မှန်းကုန်ကျငွေ (၂၂၈.၂)သန်းလောက် ကုန်ကျမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းချုပ်အနေနဲ့ (၁၉.၁၂)ဘီလီယံ လမ်းအရှည်အားဖြင့် (၄၄၃)မိုင်နဲ့ (၇)ဖာလုံ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတာ ဖြစ်ပြီးတော့ ကျွန်တော်တို့ မြို့နယ်ချုပ်အနေနဲ့ တင်ပြရရင် ပဲခူးမြို့နယ်အနေနဲ့ ဆိုရင်တော့ ၂၀၁၄-၂၀၁၅ မှာ (၁၀၉.၁)သန်း ကျွန်တော်တို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ လမ်းတံတားနဲ့ ပတ်သက်ပြီးတော့။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ဝမ်းဘဲအင်း-ကံဘဲ့(ကံမြင့်)ကျေးရွာချင်းဆက်လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုထားခြင်း မရှိပါဘူးခင်ဗျား။ လတ်တလောအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အလိုက် လျာထားပြီးတော့ တင်ပြလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

တတိယမေးခွန်းအနေနဲ့ ဆက်လက်တင်ပြရရင်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးသန်းမြင့် မှ တင်ပြတဲ့လမ်းဟာ ဆိုလို့ရှိရင် တနင်္သာရီမြို့နယ်တွင်း အောက်ကင်းအနောက်ကျေးရွာနှင့် ကတော့ကမ်း ကျေးရွာချင်းဆက်တဲ့လမ်းဟာ အရှည်(၃)မိုင် ရှိပါတယ်။ လက်ရှိ ဆိုင်ကယ်လမ်း ဖြစ်ပါတယ်။ အဲဒီလမ်းကို အကျယ်(၁၈)ပေ

ရှိတဲ့ မြေသားလမ်း ဖောက်လုပ်ဖို့အတွက် တင်ပြထားခြင်း ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ (၅၅.၅၆)သန်း ခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ တနင်္သာရီတိုင်းချုပ်အနေနဲ့ တင်ပြရလို့ရှိရင် (၂၀.၄)ဘီလီယံ လမ်းအရှည်အားဖြင့် (၂၄၅)မိုင် ယခုနှစ် ဘတ်ဂျက်မှာ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ တနင်္သာရီမြို့နယ် အနေနဲ့ တွက်ရင်တော့ ၂၀၁၄-၂၀၁၅ မှာ ဒီနှစ်မှာဆိုလို့ရှိရင် (၂.၄)ဘီလီယံ မိုင်အားဖြင့် (၄၉)မိုင်၊ ကတ္တရာလမ်း (၁၅)မိုင် (၃)ဖာလုံ ကျောက်ချောလမ်း (၈)မိုင် (၂)ဖာလုံ မြေသားလမ်း(၂၅)မိုင် (၄)ဖာလုံ စုစုပေါင်း (၄၉)မိုင် (၁)ဖာလုံ ယခုနှစ် ခွင့်ပြုထားတာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ တနင်္သာရီမြို့နယ် အတွင်းမှာရှိတဲ့ အောက်ကင်းအနောက်ကျေးရွာနှင့် ကတော့ကမ်းကျေးရွာချင်း ဆက်လမ်း (၃)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာတော့ ခွင့်ပြုပေးထားခြင်း မရှိသေးပါခင်ဗျား။ လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း လာမယ့်နှစ်မှာ လျာထားဆောင်ရွက်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၄)ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၊ ရွှေနံ့သာ-ဇနုံးကွင်းလမ်းဟာ (၄)မိုင်ရှိပါတယ်။ ကျေးရွာ (၁၅)ရွာ လူဦးရေ (၃၉၀၀)ကျော် အကျိုးပြုပါတယ်။ အဆိုပါ လမ်းဟာ ကျောက်ချောလမ်း ခင်းလို့ရှိရင် (၂၈၆.၃၂) သန်းကျပ် ကုန်ကျမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်-သရက်ချောင်း လမ်းပေါ်မှာရှိတဲ့ နောက် မေးခွန်းတစ်ခုကတော့ တစ်ဆက်တည်း ဦးဖိုးရွှေတံတား ပေ(၂၀) အရှည် ဖြစ်ပါတယ်။ အဲဒီတံတားကလည်း ကျွန်တော်တို့ သံကူကွန်ကရစ် သံဘောင်ယက်မတံတား သစ်သားခင်း တည်ဆောက်မယ်ဆိုရင် (၁၂)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းချုပ်အနေနဲ့ တင်ပြရရင် (၂၃.၃၄)ဘီလီယံ လမ်းတံတားများကို ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ယခုနှစ်မှာ ကျွန်တော်တို့ ကျုံပျော်မြို့နယ်အနေနဲ့ ပြန်တင်ပြရလို့ရှိရင် ယခုနှစ်မှာ (၁.၅၁၇)ဘီလီယံ ကတ္တရာလမ်း (၅)မိုင်၊ ကျောက်ချောလမ်း (၁၉)မိုင် (၇)ဖာလုံ ကွန်ကရစ်တံတား (၃၅၀)ပေတစ်စင်း ပေအရှည် စုစုပေါင်း (၂၄)မိုင်နဲ့ (၇)ဖာလုံ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ငွေအားဖြင့် ကျွန်တော်တို့ (၁.၅၁၇) ဘီလီယံ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကျုံပျော်မြို့နယ်၊ ရွှေနံ့သာ-ဇနုံးကွင်းလမ်း ကျောက်ချောခင်းခြင်းနဲ့ ဒိုက်ပျက်-သရက်ချောင်း လမ်းမှာရှိတဲ့ ဦးဖိုးရွှေတံတား တည်ဆောက်ခြင်းအတွက်ကို ယခုနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မှာ ၂၀၁၄-၂၀၁၅ ကနေ ခွင့်ပြု ထားခြင်းမရှိသေးပါဘူး ခင်ဗျား။ လတ်တလော ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအစီအစဉ် အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

မေးခွန်းနံပါတ်(၅)ကို ဆက်လက်ပြီးတော့ တင်ပြပါမယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း မဲဆန္ဒနယ် အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ တင်ပြပါ့မယ်ခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ မြောက်မြို့ကျ် ကျေးရွာမှ လွှဘုံ ကျေးရွာသို့ ဆက်သွယ်ထားတဲ့ လမ်းဟာ အရှည်မိုင် (၂၁)မိုင်ရှိပြီးတော့ ကျေးရွာ(၅)ရွာမှာရှိတဲ့ အိမ်ခြေ ပေါင်း(၁၈၅၁)၊ လူဦးရေပေါင်း(၇၈၉၄)ဦး သွားလာအသုံးပြုလျက်ရှိပါတယ်။ လမ်းရဲ့ အခြေအနေ ကတော့ မိုးရာသီမှာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကမ်းပါးပြိုခြင်း၊ ဗွက်ထူခြင်း၊ တောင်ပေါ်လမ်း ဖြစ်တဲ့အတွက်ကြောင့် လမ်းချော်ခြင်းများဖြစ်၍ သွားမရခြင်း၊ လမ်းပျက်စီးမှုများ နှစ်စဉ် ကြုံတွေ့နေရ ပါတယ်။ အဆိုပါလမ်းကို (၂၁)မိုင်ကို ရိစာလမ်းအဖြစ် ဆောင်ရွက်လို့ရှိရင် ကျပ် (၅၂.၅)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသော နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်း မြို့နယ်၊ မြောက်မြို့ကျ်ကျေးရွာမှ လွှဘုံကျေးရွာသို့ ဆက်သွယ်သည့် လမ်းအား ဆောင်ရွက်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြု ထားခြင်း မရှိသေးပါဘူးခင်ဗျား။ လတ်တလော ဆောင်ရွက်ပေးရန်လည်း မရှိသေးပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် ဦးစားပေးအစီအစဉ်အတိုင်း လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စုပေါင်းပိုင် အဆောက် အအုံဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ဧည့်သည်တော် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့်

ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များအား မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်ပြဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၄၇၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို ၄-၂-၂၀၁၄ ရက်နေ့ တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၅-၂-၂၀၁၄ ရက်နေ့ တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစည်းအဝေးများကို ၁၆-၅-၂၀၁၄ ရက်နေ့မှစတင်၍ ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် အခန်း (၁၀)ခန်းနှင့် ပုဒ်မပေါင်း(၄၄)ခု ပါရှိပြီး မူလဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် အခန်း(၁) အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက် များ၊ အခန်း(၃) မှတ်ပုံတင်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်း၊ အခန်း(၄) ယာယီ ကြီးကြပ်မှုအဖွဲ့နှင့် စုပေါင်းပိုင်အဆောက်အအုံ အသင်းဖွဲ့စည်းခြင်း၊ အခန်း(၅) စုပေါင်းပိုင် အဆောက် အအုံ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆) အသင်းဝင်၏ အခွင့်အရေးနှင့် တာဝန်များ၊ အခန်း(၇) ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ အခန်း(၈) စုပေါင်းပိုင် အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်းနှင့် စုပေါင်းပိုင် အဆောက်အအုံစနစ်ကို ရပ်စဲခြင်း၊ အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့် အခန်း(၁၀) အထွေထွေ အခန်းတို့ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် ပါဝင်သည့် အချို့သော အခန်း ခေါင်းစဉ်များနှင့် ပြဋ္ဌာန်းချက်များသည် နည်းဥပဒေတွင်သာ ဖော်ပြသင့်သည့် အသေးစိတ်ပြဋ္ဌာန်း ချက်များ ဖြစ်နေကြောင်း လေ့လာစိစစ်တွေ့ရှိခဲ့ရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား ၂ ၌ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက် ဥပဒေပြုပိုင်ခွင့်အာဏာကို တိုင်းဒေသ ကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ အပ်နှင်းထားသဖြင့် စုပေါင်းပိုင် အဆောက်အအုံများ တည်ထောင်

ခြင်းမှ စတင်၍ အခန်းများ လွှဲပြောင်းရောင်းချခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စုပေါင်းပိုင် အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည် ဆောက်လုပ်ခြင်းများအတွက် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုတည်းက စီမံခန့်ခွဲခြင်းအစား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီများကို နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦးကို ဥက္ကဋ္ဌ အဖြစ် ဦးဆောင်စေပြီး သက်ဆိုင်ရာ ဌာနအသီးသီးမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ အိုးအိမ်ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း ပါဝင်စေလျက် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းတွင် စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်နိုင်သည့် အနည်းဆုံးမြေဧရိယာကို တစ်ဧက ဟု သတ်မှတ်ထားချက်အစား လက်တွေ့ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် အနည်းဆုံး စတုရန်းပေတစ်သောင်း ဟု သတ်မှတ်သင့်ကြောင်း၊ စုပေါင်းပိုင် အဆောက်အအုံများ၏ ဘေးကင်းစိတ်ချလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်သင့်ကြောင်း၊ စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် ၁၂ ထပ်ထက် မနည်းသည့် အထပ်အရေအတွက်နှင့် အိမ်ခန်းအရေအတွက်အတိုင်း လုံလောက်သော ယာဉ်ရပ်နားရန်နေရာကို တိကျစွာ သတ်မှတ်ထားသင့်ကြောင်းနှင့် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများ အပါအဝင် အဆောက်အအုံ၏ နည်းပညာ အဆင့်အတန်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားရန် လိုအပ်ကြောင်းတို့ကိုလည်း စိစစ်လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့အပြင် စုပေါင်းပိုင် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အမည်လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံခြားသားကို ရောင်းချရာတွင်လည်း တည်ဆဲဥပဒေများနှင့်အညီသာ ပိုင်ဆိုင်ခွင့်ပြုရန် လိုအပ် ကြောင်းတို့ကိုလည်း စိစစ်တွေ့ရှိခဲ့ပါသည်။

၅။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထက်အပိုဒ် ၂ ၊ ၃ ၊ နှင့် ၄ တို့ပါ လေ့လာစိစစ်တွေ့ရှိချက်များကို အခြေခံ၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကြိမ်ကြိမ်တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များနှင့်အညီ အခန်း(၁၂)ခန်းနှင့် ပုဒ်မပေါင်း(၃၉)ခု ပါဝင်သည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို အသစ်ပြန်လည်ရေးဆွဲပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းသဘောတူညီချက်များအရ အသစ်ပြန်လည်ရေးဆွဲ တင်ပြထားသည့်

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အဆုံးအဖြတ်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၄၇၃
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ သီးခြားစီ တင်သွင်းခဲ့ကြပြီး ယင်းဥပဒေ ကြမ်း(၂)ရပ်ကို ပေါင်းစပ်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၂၆-၃-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် အမျိုးသားလွှတ်တော်သို့ ၂-၁၀-၂၀၁၄ ရက်နေ့တွင် ပြန်လည်ပေးပို့လာသည့်အပေါ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၂)ဦးက ဆွေးနွေးခဲ့ပါသည်။ အကြံပြုဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်အားလုံးသည် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အတိုင်း ဆက်လက်ထားရှိရန် ဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အောက်ပါအချက်များကို ညှိနှိုင်းသဘောတူညီခဲ့ကြပါသည် -

(က) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း၏ အပိုဒ် ၂(ဃ)တွင် ဖော်ပြ ထားသည့် ပြင်ဆင်အစားထိုးချက်များအနက် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)၊ (င)နှင့် (စ) တို့အပေါ် ပြင်ဆင်အစားထိုးချက်တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်း ဆက်လက်ထားရှိရန်ကိုလည်းကောင်း၊ အပိုဒ် ၂(ဋ)တွင် ဖော်ပြထားသည့် ပြင်ဆင်အစားထိုးချက်များအနက် မူလဥပဒေ ပုဒ်မ ၂(ဋ)အပေါ် ပြင်ဆင်အစားထိုး ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိရန်ကို

လည်းကောင်း၊ အပိုဒ် ၂(၃)တွင် ဖော်ပြထားသည့် ပြင်ဆင်အစားထိုးချက်များအနက် မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(၅)၊ (၃)၊ (ဎ)တို့အပေါ် ပြင်ဆင်အစားထိုးချက်တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ခ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ် ၄ တွင် ဖော်ပြထားသော ပြင်ဆင်အစားထိုးချက်များအနက် မူလဥပဒေ ပုဒ်မ ၄ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)နှင့် ပုဒ်မ ၆ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိရန်ကို လည်းကောင်း၊ အပိုဒ် ၅ တွင် ဖော်ပြထားသည့် မူလဥပဒေ ပုဒ်မ ၆ ၏နောက်တွင် ပုဒ်မ ၆-က အဖြစ် အသစ်ဖြည့်စွက်ခြင်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန်ကိုလည်းကောင်း၊ အပိုဒ် ၆ တွင် ဖော်ပြထားသည့် ပြင်ဆင်အစားထိုးချက်များအနက် မူလဥပဒေ ပုဒ်မ ၇၊ ပုဒ်မ ၈ ခြေဆင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၁၀ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန်ကိုလည်းကောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဂ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၇ တွင် ဖော်ပြထားသည့် မူလဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က နှင့် ၁၁-ခ တို့အဖြစ် ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန်ကို လည်းကောင်း၊ အပိုဒ် ၉ ပါ ဖြည့်စွက်ချက်များအနက် မူလဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ) ၏ နောက်တွင် ပုဒ်မခွဲ(ဆ)အဖြစ် အသစ်ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန်ကိုလည်းကောင်း၊ အပိုဒ် ၂၀ တွင် ဖော်ပြထားသည့် အခန်း(၁၁) အခန်းခေါင်းစဉ် ပြင်ဆင်ချက်ကိုလည်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိရန်ကိုလည်းကောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဃ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၃၂ တွင် ဖော်ပြထားသည့် မူလဥပဒေပုဒ်မ ၃၅ ၏နောက်တွင် ပုဒ်မ ၃၅-က အဖြစ် အသစ်ဖြည့်စွက်ခြင်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိရန်ကိုလည်းကောင်း၊ အပိုဒ် ၃၄ တွင် မူလဥပဒေပုဒ်မ ၃၇ ၏နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အသစ်ဖြည့်စွက်ခြင်းကိုအမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်းသာ ဆက်လက် ထားရှိရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(င) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ် ၂၆၊ အပိုဒ် ၂၈ နှင့် အပိုဒ် ၃၀ တို့တွင် ဖော်ပြထားသော ပြစ်ဒဏ်များ၏ ရေးထုံးပြင်ဆင်ချက်များကို မူလအတည်ပြုခဲ့သည့်အတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပြင်ဆင်ချက်များအနက် အပိုဒ် ၁၂ တွင် ဖော်ပြထားသော ပုဒ်မ ၁၁-ခ ဖြည့်စွက်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၁၁-ခ ၏နောက်တွင် ပုဒ်မ ၁၁-ဂ အဖြစ် ဖြည့်စွက်ရန်ကိုလည်းကောင်း၊

အပိုဒ် ၂(ဇ) တွင် မူလဥပဒေပုဒ်မ ၂(ဋ) ၏နောက်တွင် ပုဒ်မ ဋ-၁ အဖြစ် ဖြည့်စွက်ခြင်း နှင့် အပိုဒ် ၂၄ တွင် ဖော်ပြထားသော မူလဥပဒေ ပုဒ်မ ၃၀(က)နှင့် (ခ) အစားထိုး ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၆၂ အပိုဒ်ခွဲ(င)အရ အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည် -

(ဋ-၁)။ အလတ်စားထုတ်လုပ်ခြင်း ဆိုသည်မှာ ဓာတ်သတ္တု ဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရင်းနှီး မြှုပ်နှံမှု နှင့် ကုန်ကျစရိတ် အသင့်အတင့် လိုအပ်သည့် သို့မဟုတ် ကန့်သတ် နည်းပညာရပ် နှင့် နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည်။

၃၀။(က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၁၀)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည် -

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက် ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက် ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့် ရယူခြင်းမရှိဘဲ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူ မှအပ ဓာတ်သတ္တု ထုတ်လုပ်ခြင်း၊

(ခ) လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းဖြစ်စေ ချမှတ်ရမည်။

(ဆ) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ် ၂ (ဃ) တွင် ဖော်ပြထားသော မူလ ဥပဒေပုဒ်မ ၂ (င) ပါ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆို ချက်တွင် ဇင့်ကာဗွန်နိတ် ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂(စ) ပါ ကျောက် ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၌ အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မမှီသော ကျောက် အမျိုးအစားများအနက် သလင်းကျောက် ဆိုသည့် စာသားများသည် မူလအတည်

ပြုစဉ်က typing error ကြောင့် ကွင်းကျန်ရစ်ပါသဖြင့် တစ်ပါတည်း ပြန်လည်ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော် က အတည်ပြုခဲ့သည့် အပိုဒ် ၂(က)ပါ မူလဥပဒေ ပုဒ်မ ၂(က)အပေါ် ပြင်ဆင်ခြင်း၊ အပိုဒ် ၂(င)ပါ မူလဥပဒေ ပုဒ်မ ၂(ဇ)အပေါ် ပြင်ဆင်ခြင်း၊ အပိုဒ် ၂(ဈ)ပါ မူလဥပဒေ ၂(ည) အပေါ် ပြင်ဆင်ခြင်း၊ အပိုဒ် ၃(ခ)၌ မူလဥပဒေ ပုဒ်မ ၃(စ)၏ နောက်တွင် ပုဒ်မ ၃(ဆ) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၁၀ ပါ မူလဥပဒေ ပုဒ်မ ၁၆၊ ၁၇၊ ၂၇(က) တို့တွင် ပါရှိသော ဦးစီးဌာန ဆိုသည့်စကားရပ်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း ဟု အသီးသီးအစားထိုးထားခြင်း၊ အပိုဒ် ၁၃ပါ မူလဥပဒေ ပုဒ်မ ၂၁(က)၊ ၂၃ နှင့် ၂၉ တို့တွင် ပါရှိသော အစိုးရအဖွဲ့ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ထားခြင်း၊ အပိုဒ် ၁၉ ပါ မူလဥပဒေပုဒ်မ ၂၉ အပေါ် ပြင်ဆင်ခြင်း၊ အပိုဒ် ၂၃ ပါ မူလဥပဒေ ပုဒ်မ ၃၀ (ခ)(ဂ)နှင့် (ဃ) တို့အပေါ် ပြင်ဆင်ခြင်း အသီးသီးတို့အား ပယ်ဖျက်ထားခြင်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း လက်ခံသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းအပိုဒ် ၂(ခ)ပါ မူလဥပဒေပုဒ်မ ၂(ခ) အပေါ် ပြင်ဆင်ခြင်း၊ အပိုဒ် ၂(င)ပါ မူလဥပဒေ ၂(ဈ)၏နောက်တွင် ပုဒ်မ ဈ-၁ အဖြစ် ဖြည့်စွက်ခြင်း၊ အပိုဒ် ၃(ဂ)ပါ မူလဥပဒေပုဒ်မ ၃ အပေါ် အစားထိုးပြင်ဆင်ခြင်း၊ အပိုဒ် ၁၁ ပါ မူလဥပဒေပုဒ်မ ၁၁ အပေါ် အစားထိုးပြင်ဆင်ခြင်း၊ အပိုဒ် ၁၃ ပါ မူလ ဥပဒေ ပုဒ်မ ၁၂ (စ) အပေါ် အစားထိုးပြင်ဆင်ခြင်း၊ အပိုဒ် ၁၅ ပါ မူလဥပဒေ ပုဒ်မ ၁၃(င)၏ နောက်တွင် ပုဒ်မ ၁၃(စ)နှင့် (ဆ) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၂၂ ပါ မူလဥပဒေပုဒ်မ ၂၆(ခ)၏နောက်တွင် ပုဒ်မ ၂၆(ခ-၁) အဖြစ် ပြင်ဆင်ဖြည့်စွက်ခြင်း၊ အပိုဒ် ၂၆ ပါ မူလဥပဒေ ပုဒ်မ ၃၀ (ဃ) ၏နောက်တွင် ပုဒ်မခွဲ (င) အဖြစ်ပြင်ဆင်ဖြည့်စွက်ခြင်း၊ အပိုဒ် ၃၇ ပါ မူလဥပဒေ ပုဒ်မ ၃၉(ခ)နှင့် (ဂ) အဖြစ် ပြင်ဆင်ဖြည့်စွက်ခြင်းများကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက် အစားထိုးချက်များအတိုင်း လက်ခံသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ည) ပြည်သူ့လွှတ်တော်က အပိုဒ် ၃၅ အဖြစ် အမှတ်စဉ်များ ပြောင်းလဲသည်ကို ပြန်လည် အမှတ်စဉ်ရန် ပုဒ်မတစ်ခု အသစ်ဖြည့်စွက်ထားခြင်းကို မလိုအပ်၍ ပယ်ဖျက်ပြီး ပြောင်းလဲသွားသော အမှတ်စဉ်များနှင့်အညီ ပြန်လည်ပြင်ဆင်သင့်ကြောင်း ညှိနှိုင်း သဘောတူညီခဲ့ကြပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များ အနက် အမျိုးသားလွှတ်တော်က မူလအတည်ပြုခဲ့သည့်အတိုင်းသာ ထားရှိသင့်သည့် ပုဒ်မ ၂(ဃ)၊ (င)၊

(စ)၊ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ဃ)၊ ပုဒ်မ ၄ ခြေဆင်း၊ ပုဒ်မ ၄(က)၊ ပုဒ်မ ၆၊ ပုဒ်မ ၆-က၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁- က၊ ပုဒ်မ ၁၁-ခ၊ ပုဒ်မ ၁၂(ဆ)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ၊ အခန်း(၁၁) အခန်းခေါင်းစဉ်၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၅-က၊ ပုဒ်မ ၃၇-က၊ အမျိုးသားလွှတ်တော်က ပြန်လည်ပြင်ဆင်ထားသည့် ပုဒ်မ ၂(ဋ-၁)၊ ပုဒ်မ ၃၀ နှင့် မလိုအပ်၍ ပယ်ဖျက်သင့်သည့် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ် ၃၅ တို့အပေါ် လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

အပိုဒ် ၂(ခ)(င)၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဂ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၂၂၊ အပိုဒ် ၂၆၊ အပိုဒ် ၃၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)နှင့်(ဂ)တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၂ တွင် ဖော်ပြထားသည့် ပုဒ်မခွဲငယ်(င)၊ ပုဒ်မခွဲငယ်(ဈ)၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မခွဲ(ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၉၊ အပိုဒ် ၂၃ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ဥပဒေကြမ်း၏ အပိုဒ် ၂(ဂ)(ဆ)(ဈ)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၁(က) နှင့် ပုဒ်မ ၁၁(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၈၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂(ဇ)

၂။ (ဇ) ပုဒ်မခွဲ(ဌ)၏နောက်တွင် ပုဒ်မခွဲ(ဌ-၁)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဌ-၁) အလတ်စားထုတ်လုပ်ခြင်း ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် အသင့်အတင့်လိုအပ်သည့် သို့မဟုတ် ကန့်သတ်နည်းပညာရပ် နှင့် နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည် ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဇ) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၉

၁၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၀။(က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၁၀)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊

(ခ) လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၅ ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကအဆို တင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ (က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဖိတ်ကြား ထားသောဧည့်သည်များ၊ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ရဲ့ မူလအတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြုခဲ့တဲ့ ပုဒ်မ ၂(ဃ)၊ (င)၊ (စ)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ ပုဒ်မ ၄၀၆ (ခြေဆင်း)၊ ပုဒ်မ ၄(က)၊ ပုဒ်မ ၆၊ ပုဒ်မ ၆-က၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁-က၊ ၁၁-ခ၊ ၁၂(ဆ)၊ ၁၈၊ ၁၉၊ အခန်း(၁၁) အခန်းခေါင်းစဥ်၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၅-က၊ ၃၇-က တွေဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ ပုဒ်မ ၂ (ဋ-၁)နဲ့ ပုဒ်မ ၃၀၊ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သော်လည်း မလိုအပ်၍ ပယ်ဖျက်ခဲ့တဲ့ ပုဒ်မ ၃၅ စုစုပေါင်း (၂၈)ချက်ဟာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ရဲ့ သဘောကွဲလွဲချက်များသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် နည်းဥပဒေ ပုဒ်မ ၁၆၄(က)အရ သဘောထားကွဲလွဲတဲ့ အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထား ကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း တင်သွင်းထားတဲ့ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူး အစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းကျော်ဇောသန်း တင်သွင်း သွားတဲ့ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီး ကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြသွားတာက ပြည်သူတွေဟာ သူတို့ရဲ့စိတ်ထဲမှာ မိမိတို့အပေါ်မှာ အန္တရာယ်တစ်ခုခု ကျရောက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုမျိုး မရှိစေလိုတဲ့ဆန္ဒနဲ့ တင်ပြသွားတယ်လို့ ကျွန်တော်ယူဆပါတယ်။ လတ်တလော သတင်းတွေမှာ ဖတ်လိုက် ရတဲ့ အခြေအနေက လက်တွေ့မှာ ဆက်တိုက်ဆိုသလိုပါပဲ။ စျေးသည် စျေးဝယ်၊ ကလေး လူကြီး အချို့ လျှပ်စစ်အန္တရာယ်ကြောင့် အသက်ထိခိုက်ဆုံးရှုံးမှုတွေ ရှိနေခဲ့ရပါတယ်။ အလားတူပဲ တစ်နိုင်ငံလုံးမှာ အချို့နေရာတွေမှာ လျှပ်စစ်အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလေးတွေကိုလည်း ကြားသိနေခဲ့ရပါတယ်။ အလျဉ်းသင့်လို့တင်ပြရရင် ၂၀၁၂ ခုနှစ်အတွင်းမှာ သေဆုံးသူက (၂၈)ဦး၊ ၂၀၁၃ ခုနှစ်အတွင်းမှာ သေဆုံးသူ(၃၄)ဦး၊ ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းမှာ သေဆုံးသူ(၂၁)ဦးအထိ ရှိခဲ့တယ်လို့ ၁-၁၀-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဖတ်ရှုခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လတ်တလောသတင်းတွေ အခြေအနေအရ အထက်ပါ တင်ပြတဲ့ အတိုင်း ဖြစ်နေတာလေးတွေ တွေ့ခဲ့ရလို့ အဆိုရှင် ပူပန်သလိုပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တွေ၊ ပြည်သူတွေနဲ့ တာဝန်ရှိသူတွေက စိုးရိမ်ပူပန်မှု တွေ ရှိနေခဲ့ကြပါတယ်။ ဒီလိုပူပန်မှုတွေ၊ မတော်တဆ မှုတွေကို ဖြေလျှော့နိုင်ဖို့အတွက်ကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဌာနတာဝန်ရှိသူတွေအားလုံးက ကြိုးပမ်းဆောင်ရွက်လျက် ရှိနေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီနေရာမှာ ပစ္စည်း၊ ဆက်သွယ်မှု၊ ပညာပေးမှု စတာတွေနဲ့ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးလုပ်ငန်းတွေကို နှိုးဆော်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတဲ့ အခြေအနေကိုလည်း ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ အဆိုရှင် တင်ပြခဲ့သလိုပါပဲ။ ကျွန်တော်တို့ ကြုံလာတော့မှ ခံလိုက်ကြရတာတွေလည်း ဖြစ်နေတာကို မဖြစ်ခင်က ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမယ်လို့လည်း ကျွန်တော် လေ့လာသိရှိထား ပါတယ်။ နည်းပညာ၊ ပစ္စည်း၊ သဘာဝအခြေအနေ၊ ဝန်ထမ်း အင်အား၊ လျှပ်စစ်သုံးစွဲမှုနဲ့ အခြားဆက်စပ် အခြေအနေတွေကြောင့်လည်းလို့ပဲ ကျွန်တော် ခပ်ရိုးရိုးလေး တင်ပြပါရစေ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပညာရှင်တော့ မဟုတ်သော်လည်းပဲ လက်တွေ့ဒေသအခြေအနေအရ ပါဝင်ကူညီဆောင်ရွက်ခဲ့ရတာတွေကို အခြေခံပြီးတော့ ဆွေးနွေးနေရ

ခြင်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဖြစ်ခဲ့တာတွေက အချို့နေရာတွေမှာ အခက်အခဲမျိုးစုံ ရှိနေပါတယ်။ ပြည့်စုံမှု၊ သုံးစွဲမှုနဲ့ အချို့နေရာတွေမှာ သဘာဝသားငှက်အုပ်များက ရာနဲ့ချီပြီးတော့ နားခိုမှုကြောင့် ဒဏ်တွေဖြစ်ခဲ့တာတွေ၊ လျှပ်စစ်တိုင်အရင်းကနေပြီးတော့ ကြိုးတွေပြုံပြီးဆွဲခဲ့ရတဲ့အတွက် ကြိုးပြတ်ကျမှု ဖြစ်ပေါ်ခဲ့ရတဲ့ အခြေအနေဖြစ်ခဲ့တာပါ။ ဒီလိုဖြစ်ပေါ်ရာတွင်လည်းပဲ အောက်ခံပိုက်တန်းများရှိဖို့၊ အခြားနည်းပညာတွေနဲ့ လူနေထူထပ်တဲ့နေရာတွေမှာ ကျွန်တော်တို့ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခဲ့ရင် ကာကွယ်နိုင်ဖို့အတွက် အကာအကွယ်စနစ်တွေ ထည့်သွင်းတွက်ချက်ရတော့မှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုယ်တွေ့အရ တင်ပြခဲ့ရပါလျှင် ၂၀၁၃ ခုနှစ်၊ ကျွန်တော်တို့ ၂၀၁၄ ခုနှစ် မိုးဦးရာသီအတွင်းမှာ ကျွန်တော်တို့ နေထိုင်တဲ့ ပြည်မြို့ရဲ့ ဗိုလ်ချုပ်လမ်းမပေါ်မှာရှိတဲ့ လျှပ်စစ်ဓာတ်တိုင်အချို့ လေပြင်းတိုက်ခတ်မှုကြောင့် ကျွန်တော်တို့ အတွဲလိုက် ပြိုကျတဲ့ ဖြစ်စဉ်တွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒီနေရာမှာ ကျွန်တော်ကိုယ်တိုင်လည်း ပါဝင်ကူညီခဲ့တာမို့ လျှပ်စစ်ဝန်ထမ်းများရဲ့ အခက်အခဲနဲ့ အခြေအနေတွေကို ကျွန်တော်ကိုယ်တိုင် များစွာနားလည်ခဲ့ရပါတယ်။ ဒါကြောင့်လည်းပဲ သို့သော်ကျွန်တော်တို့ ပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေနဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းဆောင်မှုဟာ ပြီးခဲ့တဲ့ ခေတ်တွေထက်စာရင် ပိုမိုပြီးတော့ ကျွန်တော်တို့ ဝန်ဆောင်မှုပေးလာနိုင်တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ယခင်က ဒီလိုဖြစ်စဉ်တွေ၊ ဓာတ်တိုင်လဲတဲ့ ဖြစ်စဉ်တွေ ပေါ်ပေါက်မယ်ဆိုရင် ကျွန်တော်တို့က (၂)ရက်၊ (၃)ရက်အတွင်းမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်သူတွေဟာလည်းပဲ ဒီတစ်ခါ ဓာတ်တိုင်လဲတဲ့ဖြစ်စဉ်မှာ (၂)ရက်၊ (၃)ရက်လောက် လျှပ်စစ်မီး ပြတ်တောက်လိမ့်မယ်လို့ စိုးရိမ်ပူပန်မှု တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၃ ခုနှစ် ဖြစ်စဉ်အတွင်းမှာ အချိန်အားဖြင့် ပြန်လည်လျှပ်စစ်ဓာတ် ပေးအပ်နိုင်တဲ့ အခြေအနေဟာ (၁၂)နာရီခန့်သာ ကြာမြင့်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အား ပြန်လည်ပေးအပ်နိုင်ခဲ့ပါတယ်။ အလားတူပဲ ၂၀၁၄ ဖြစ်စဉ်မှာ တော့ ကျွန်တော်တို့ (၆)နာရီခန့်သာ အချိန်ကြာမြင့်ပြီးတော့ တိုင်အသစ်လဲပြီး အမြန်ဆုံး ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပေးလွှတ်နိုင်ခဲ့တယ် ဆိုတာကို ကျွန်တော်တို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေအရ ဒီလိုပြုပြင်ပြောင်းလဲမှုလေးတွေ ပေါ်ပေါက်တယ်ဆိုတာကို ကျွန်တော်တို့ တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့လို အတော်အတန်ပြည့်စုံတဲ့ မြို့ကြီးတွေမှာ အဆင်ပြေတိုးတက်မှု ရှိလာတာကို တွေ့ရပါတယ်။

ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်တဲ့ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ မိုးညိုမြို့နယ်တွေမှာတော့ လျှပ်စစ်လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ပြုပြင်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်များ များစွာကျန်ရှိနေသေးတာကိုလည်း လေးစားစွာတင်ပြပါရစေ။ နယ်မြို့များ ဖြစ်တဲ့အတွက် လုပ်သားအင်အား၊ ဝန်ထမ်းအခက်အခဲ၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေး စတဲ့ အခက်အခဲ မျိုးစုံကို ရင်ဆိုင်ပြီးတော့ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဖြေရှင်းနေရမှုတွေကြောင့် မြို့ပေါ်လမ်းမကြီးတွေသာ ကျွန်တော်တို့ လျှပ်စစ်ဓာတ်တိုင်များ၊ မီးသီးများ လင်းနိုင်ပြီးတော့ လမ်းသွယ်တွေမှာတော့ သစ်သားတိုင်အယိုင်အနဲ့ အဆွေးအမြေ့ များနဲ့ ဖြစ်သလိုသွယ်တန်းနေရတဲ့ အခြေအနေလေးတွေအပေါ် ဖြေရှင်းပေးနိုင်မှု များစွာလိုအပ်လျက်ရှိနေဆဲလို့ တင်ပြပါရစေ။ ပြီးခဲ့တဲ့ သီတင်းကျွတ် ပိတ်ရက်အတွင်းမှာ မင်းလှမြို့နယ်နဲ့ စစ်ကွင်းမြို့နယ်၊ မိုးညိုမြို့နယ်ကို ကျွန်တော်ရောက်ရှိခဲ့ပါတယ်။ ဒီနေရာမှာ ပြည်သူတွေ တောင်းဆိုမှုတွေကြောင့်

ကျွန်တော်တို့ ယခုအခါမှာ မိုးညှိမြို့နယ်နဲ့ စစ်ကွင်းမြို့နယ်တို့မှာ ဓာတ်အားခွဲရုံများ စတင်တည်ဆောက်ဖို့ ကြိုတင်ပြင်ဆင်လျက်ရှိနေပါပြီ။ စတင်တည်ဆောက်ရေးအတွက် ဓာတ်အားပို့လွှတ်ရန် ဓာတ်အားလိုင်းတွေ၊ ဓာတ်အားတိုင်တွေ စိုက်ထူမှုများ ရှိလာမှုအပေါ်မှာ အချို့ပြည်သူတွေက မြို့ရွာအတွင်းမှာ ဖြတ်ဆွဲမှုတွေကြောင့် စိုးရိမ်မှုတွေ ရှိနေတယ်လို့ ကျွန်တော့်ကိုလည်း တင်ပြခဲ့ပါတယ်။ စိုးရိမ်မှုတွေများတော့ မဖြစ်ခင်က ကြိုတင်စိုးရိမ်မှုတွေဖြစ်ပြီးတော့ သက်ဆိုင်ရာ ဌာနတွေနဲ့လည်း သက်ဆိုင်ရာဌာနနဲ့ တည်ဆောက်ခွင့်ရတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း ဘယ်လိုအာမခံချက်တွေ ပေးနိုင်မလဲဆိုတာကို ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းလေးတွေ ရှင်းပြနိုင်ရင်တော့ ပိုကောင်းလိမ့်မယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

တစ်ဖက်ကလည်းပဲ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကြောင့် တောင်းဆိုမှုတွေကို ဆောင်ရွက်ရာမှာ လုပ်ငန်းအချို့တွေက အထက်မှာ တင်ပြတဲ့အတိုင်း စိုးရိမ်မှုတွေရှိနေတဲ့အတွက် ဘယ်လိုအာမခံချက်တွေ ပေးနိုင်မည်လဲ။ ဒါဆိုရင်လည်းပဲ ဘာလို့တောင်းဆိုခဲ့သလဲလို့ ကျွန်တော်တို့ကို ပြန်လည်မေးစရာ ရှိလာပါတယ်။ တကယ်လိုအပ်လို့လည်း ကျွန်တော်တို့ တောင်းဆိုခဲ့တာ ဖြစ်သည့်အတွက် လုပ်သင့်တဲ့လုပ်ငန်းတွေလို့ တင်ပြလိုပါတယ်။ အဲဒီနေရာတွေမှာ အခုဆိုရင် လျှပ်စစ်ဓာတ်အား ထပ်မံလုံလောက်တော့မှာ ဖြစ်တဲ့အတွက် စက်ရုံ၊ အလုပ်ရုံတွေ တည်ဖို့တွေ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေ ပေါ်ပေါက်နေပါပြီ။ ဒါဆိုရင် ဒီနေရာမှာ ကျွန်တော်တို့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ပေါက်ပြီးတော့ ဒီဒေသခံပြည်သူတွေအတွက် လိုအပ်နေတဲ့ လိုအပ်ချက်တွေကို ထပ်မံပြီး ဖြည့်ဆည်းနိုင်တော့မှာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ တင်ပြလိုတာက လျှပ်စစ်လုပ်ငန်းများ အသုံးပြုတဲ့ လျှပ်စစ်ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဓာတ်အားလိုင်းများနဲ့ လျှပ်စစ်တိုင်းတာရေး ကိရိယာများဟာ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ဒီနေ့ပြည်သူအများစုဟာ ကိုယ့်ဒေသရဲ့ လျှပ်စစ်ပစ္စည်း လိုအပ်ချက်တွေကို မိမိတို့အစီအစဉ်ဖြင့် ဝယ်ယူဖြည့်တင်းလျက်လည်း ရှိနေကြပါတယ်။ ဝယ်ယူအသုံးပြုကြတဲ့ လျှပ်စစ်ပစ္စည်းများရဲ့ အရည်အသွေး၊ သက်တမ်းသတ်မှတ်ချက်များ မသိရှိရတဲ့ အခြေအနေလေးတွေ၊ လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်လာရင် ဆုံးရှုံးမှုတွေလည်း ရှိနေပါတယ်။ ဒီနေရာမှာ မီးလောင်မှု အများစုလည်း ပါဝင်ပါတယ်။ မီးလောင်မှုအများစုများထဲမှာ လျှပ်စစ်ဝါယာရှော့က ဖြစ်တဲ့ မီးလောင်မှု ဟာ ရာခိုင်နှုန်းတစ်ခုမှာ ရှိနေတယ်လို့လည်း လေ့လာတွေ့ရှိရပါတယ်။ အရည်အသွေးပြည့်ဝတဲ့ လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်မှု၊ စနစ်တကျ ပညာပေးခြင်း၊ ဖန်တီးပေးခြင်း၊ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးဖို့လည်း လိုအပ်မယ်လို့ တင်ပြလိုပါတယ်။ ဈေးနှုန်းချိုသာပြီးတော့ အရည်အသွေး မပြည့်တဲ့ အန္တရာယ်ဖြစ်တော့လည်း အသုံးပြုသူ ပြည်သူတွေပဲ ကျွန်တော်တို့ ခံခဲ့ရတာဖြစ်တဲ့အတွက် နောင်လာမယ့် ဥပဒေများမှာလည်းပဲ ထည့်သွင်း ရေးဆွဲသွားရန် လိုအပ်ပါကြောင်း တစ်ပါတည်း ထည့်သွင်းတင်ပြလိုပါတယ်။

လုပ်ငန်းပစ္စည်းများ စစ်ဆေးရာတွင်လည်း ဝန်ကြီးဌာနက စစ်ဆေးရတဲ့အတွက် ဌာနရဲ့ ဝန်ထမ်းအင်အား မလုံလောက်မှု၊ နည်းပညာ၊ စက်ပစ္စည်း စသည့် လိုအပ်ချက်များကိုလည်း ထိုက်သင့်သလို ဖြေရှင်းဆောင်ရွက်ပေးဖို့အတွက် တိုက်တွန်းလိုပါတယ်။ လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်မှ ဌာနတာဝန်ရှိသူတွေကို ပြောင်းရွှေ့တာတွေ၊ အရေးယူတာတွေထက် မဖြစ်ခင်က ကြိုတင်ပြီးတော့ ဝန်ဆောင်မှု

ကောင်းကောင်း ပေးနိုင်ရေးအတွက် ကိုယ်တိုင်ကြုံတွေ့ခံစားလာရမှုအပေါ် မှာလည်း တင်ပြခြင်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ကျွန်တော့်အနေဖြင့် အကြံပြုတင်ပြလိုတာက ပြည်သူများအတွက် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်ပြီးတော့ စီမံဆောင်ရွက်ရာမှာ (က) ပြည်သူများကလည်းပဲ လျှပ်စစ်အသုံးပြုမှုအတွက် ထိုက်သင့်တဲ့ အခွန်အခများကို ပေးဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ (ခ) ပြည်သူ့ဝန်ဆောင်မှု တစ်ခုဖြစ်တဲ့ လျှပ်စစ်ကဏ္ဍ တိုးတက်တည်ဆောက်ရေးအပြင် ထုတ်လွှတ်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရေးအတွက် လိုအပ်နေတဲ့ ဝန်ထမ်းအင်အား၊ စက်ပစ္စည်း၊ နည်းပညာနဲ့ အခြားလိုအပ်ချက်တွေကို ဘဏ္ဍာရေးနှစ်အလိုက် တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် အလွန်လိုအပ်လျက်ရှိနေပါတယ်။ အထက်ပါ လိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမှသာလျှင် အဆိုရှင် တင်သွင်းသွားတဲ့ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ လျှပ်စစ်ဓာတ်က လူကို သေစေနိုင်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် အနောက်နိုင်ငံတွေမှာ တစ်ချိန်တုန်းက လူတွေကို သေဒဏ်ပေးတဲ့အခါမှာ လျှပ်စစ်ဓာတ်နဲ့ သေဒဏ်ပေးခဲ့ပါတယ်။ ဒီဟာတွေနဲ့ ပတ်သက်လို့ ကျွန်တော်လေ့လာကြည့်တဲ့ အခါမှာ ဒီသေဒဏ်ပေးမယ့်လူကို ပထမ ကတုံးတုံးရပါတယ်။ တုံးပြီးလို့ရှိရင် သူ့ကိုထိုင်ခုံပေါ်မှာ ထိုင်ခိုင်းပြီးလို့ရှိရင် သူ့ရဲ့ခေါင်းထိပ်မှာ ကျွန်တော်တို့ လျှပ်စစ်ငုတ်တွေတပ်ဆင်ထားတဲ့ ခေါင်းစွပ်ကို စွပ်ရပါတယ်။ ဒုတိယအဆင့်အနေနဲ့ဆိုလို့ရှိရင် သူ့ရဲ့ ခြေသလုံးအပိုင်းမှာ ကျွန်တော်တို့ လျှပ်စစ်ကြိုးတွေ တပ်ဆင်ရပါတယ်။ အဲဒါတွေအားလုံး တပ်ဆင်ပြီးမှသာ လျှပ်စစ်ဓာတ်အားကို လွှတ်ရတာ ဖြစ်ပါတယ်။ ဒီလိုလျှပ်စစ်ဓာတ်အားလွှတ်တဲ့အခါမှာ လူကိုအချိန်အမြန်ဆုံး သေအောင်လို့ဆိုတဲ့အတွက် ဗို့အား(၁၅၀၀)လောက် လွှတ်ပါတယ်။ ကျွန်တော် အမှတ်တော့ မှားနိုင်ပါတယ်။ တစ်မိနစ်ရဲ့အောက်မှာပါ။ အဲဒါကြောင့်မှာ လူဟာ သေသွားတာ ဖြစ်ပါတယ်။

သူတို့ပညာရှင်တွေရဲ့ ယူဆချက်က လျှပ်စစ်ဓာတ်က လူရဲ့ ခေါင်းကနေပြီးတော့ ခြေထောက်၊ ခြေထောက်ကနေပြီးတော့ ခေါင်း သူ့ရဲ့ နှလုံးသားကို ဖြတ်စီးသွားလို့ရှိရင် နှလုံးခုန်နှုန်း ရပ်သွားမယ်။ ရပ်သွားလို့ရှိရင် လူဟာ သေတယ်လို့၊ သေမှာဖြစ်တယ်ဆိုတဲ့အတွက် ဒီနည်းကို အသုံးပြုတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဒီလျှပ်စစ်ဓာတ်နဲ့ သေဒဏ်ပေးတဲ့ဟာက လူကို မချိမဆန့်ဖြစ်တဲ့အတွက်၊ လူ့အခွင့်အရေးအဖွဲ့တွေ ကန့်ကွက်တဲ့အတွက် အခုနောက်ပိုင်းမှာတော့ မသုံးတော့ပါဘူး။ နောက်ပိုင်းမှာတော့ တခြားနည်းတွေပဲ ပြောင်းသုံးပါတယ်။ ဒါကို ကျွန်တော် ဒီကနေ့ တင်ပြလို

တာက လျှပ်စစ်ဓာတ် က လူကိုသေစေတဲ့အခါမှာ အဓိကအားဖြင့် နှလုံးကို ဖြတ်စီးလို့ သူက သေသွားတာပါ။

အဲဒီတော့ နောက်ထပ် ကျွန်တော်တစ်ခု တင်ပြချင်တာက ကျွန်တော်တို့ ရန်ကုန် မြို့မှာဆိုလို့ရှိရင် ဗလီတွေ ရှေ့မှာတို့၊ ဘုရားကျောင်းတွေရှေ့မှာ ကျွန်တော်တို့ ခိုစာလေးတွေ ကျွေးပါတယ်။ အဲဒီလို ခိုစာလေးတွေကျွေးလို့ရှိရင် ခိုလေးတွေ ဆင်းပြီး စားပါတယ်။ အစာကုန်ရင် ပြန်တက်နားပါတယ်။ ဒါပေမဲ့ သူတို့ဆင်းလာခဲ့တဲ့နေရာ၊ သူတို့ ပြန်တက်သွားတဲ့နေရာကို ကြည့်မယ်ဆိုရင် ဓာတ်ကြိုးတွေအပေါ်မှာပါပဲ။ အဲဒီတော့ ကျွန်တော်တို့က ပြောစရာရှိလို့ရှိရင် ဓာတ်ကြိုးပေါ်မှာရှိတဲ့ ခိုတွေဟာ ဘာကြောင့် ဓာတ်လိုက်မသေတာလဲလို့ ပြောစရာ၊ မေးစရာ ဖြစ်နေပါတယ်။ အဓိကက သူက ဓာတ်ကြိုးကတော့ ဓာတ်ရှိပါတယ်။ ဒါပေမဲ့ သူက ဖြတ်စီးလို့မရပါဘူး။ သူက ဓာတ်ကြိုးတစ်ကြိုးထဲပေါ်မှာ နားနေတဲ့အတွက် ခိုက မသေနိုင်တာပါ။ ဒါကြောင့် သူက အစာရှိရင်အောက်ဆင်းတယ်။ အစာကုန်ရင် အပေါ်ပြန်တက်တယ်။ အေးအေးဆေးဆေး နားနေနိုင်တာပါ။ ဒါကြောင့် လျှပ်စစ်ဓာတ်ရဲ့ အဓိကသဘောက သူကဖြတ်စီးရမှာပါ။ ဖြတ်စီးတဲ့နေရာမှာ အဓိကလူရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ နှလုံးသားကို ဖြတ်စီးမှသာ လူက သေတာဖြစ်ပါတယ်။

ကျွန်တော်တို့ လူတွေရဲ့ ပတ်ဝန်းကျင်တွေမှာ လျှပ်စစ်ဓာတ်အားကြိုးတွေ အမျိုးမျိုးရှိပါတယ်။ အဲဒီကြိုးတွေကို ခွဲခြားကြည့်မယ်ဆိုရင် အဓိကအပိုင်း(၂)ပိုင်း တွေ့ရပါတယ်။ ပထမအပိုင်းကတော့ High Voltage Line ဆိုတဲ့ ဗို့အားမြင့်လိုင်းတွေပါ။ ဒီဗို့အားမြင့်လိုင်းတွေဆိုရင် (၁၂၀၀၀)တွေ၊ (၃၃၀၀၀)တွေ၊ (၆၆၀၀၀)နဲ့ တစ်သိန်းကျော်ကျော်နဲ့ နှစ်သိန်းကျော် လိုင်းတွေဟာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ဒီကြိုးကြီးတွေ တပ်ဆင်ထားတဲ့အခါမှာ ဒီကြိုးကြီးတွေကတော့ တပ်ဆင်ရာမှာ ကွန်ကရစ်တိုင်တွေ၊ သံတိုင်တွေနဲ့ အခိုင်အမာတပ်ဆင်ပါတယ်။ ဒီဟာတွေကဆိုလို့ရှိရင် ပြီးတော့ အဲဒီမှာ တပ်ဆင်တဲ့ ကြိုးတွေက၊ တပ်ဆင်တဲ့ကြိုးက သူက အလူမီနီယံကြိုးပါ။ ကျွန်တော်တို့ ACSR လို့ ခေါ်ပါတယ်။ သူက အလူမီနီယံ ဖြစ်တဲ့အတွက် အရမ်းပေါ့တယ်။ နောက်ပြီး အတွင်းထဲမှာ စတီးကြိုးတစ်ကြိုး ပါပါတယ်။ အဲဒီစတီးကြိုးက ကြိုးကိုက တစ်အားခိုင်ပါတယ်။ အဲဒီကြိုးကို သာမန်ပြုပြင်ထိန်းသိမ်းသမားဆိုရင် ကြိုးကွင်းကို အပေါ်ပစ်တင်ပြီးတော့ လူခိုတက်သွားပြီးတော့မှ အဲဒီအပေါ်တောင် တက်နိုင်ပါတယ်။ လူတစ်ယောက်၊ နှစ်ယောက်ကို အေးအေးဆေးဆေးတက်နိုင်တဲ့ Weight ရှိပါတယ်။ လူတောင် တက်လို့မပြုတ်တဲ့ကြိုးက သူ့အနေနဲ့ ဘယ်လိုမှ ပြုတ်စရာမရှိပါဘူး။ အဓိက အထဲအတွင်းမှာရှိတဲ့ စတီးကြိုးရဲ့ သဘောကြောင့်ပါ။

နောက် သူ့ကို Supporting လုပ်တဲ့ဟာတွေက ကွန်ကရစ်တွေ သံတိုင်တွေ ဖြစ်တဲ့အတွက် သူတို့တွေက High Voltage Line ကြီးတွေကတော့ လူကိုထိခိုက်တယ် ဆိုတဲ့ ပြဿနာ မရှိပါဘူး။ ကျွန်တော်တို့ မြန်မာ့လျှပ်စစ်ဓာတ်အားက လုပ်ထားတဲ့ဟာတွေကတော့ စံချိန်စံညွှန်း ပြည့်မီတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်လောက်ကလွဲလို့ သူက ထိခိုက်ပျက်စီးမှုမရှိပါဘူး။ ဒုတိယ လျှပ်စစ်ဓာတ်အားကြိုးတွေကတော့ လူတွေ၊ စက်ရုံတွေမှာ သွားနေတဲ့ကြိုးက (400) လိုင်း လို့ ခေါ်ပါတယ်။ ဒီ(400)လိုင်းဟာဆိုလို့ရှိရင် ကျွန်တော်တို့ အသွင်(၃)မျိုးနဲ့ Three Phase အသွင်(၃)မျိုးနဲ့ ကျွန်တော်တို့ သွားပါတယ်။ အဲဒါ စက်ရုံတွေကို အသွင်(၃)မျိုးနဲ့ သွားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လူနေအိမ်ခြေတွေကို သွားလို့ရှိရင် အဲဒီအသွင်(၃)မျိုးပါတဲ့ ကြိုးတစ်ချောင်းတည်းကနေပြီးတော့

တစ်ကြိုးနဲ့ ကျွန်တော်တို့ Earth ကြိုးဆိုတဲ့ မြေကြီးကလာတဲ့ ကြိုးတစ်ကြိုးကို ကျွန်တော်တို့က ယူပြီး တော့မှ ကျွန်တော်တို့ သာမန်အိမ်သုံး သုံးရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီအသွင်(၃)မျိုးကတော့ သူ့အချင်းချင်းအတိုင်းပဲ ကျွန်တော်တို့ (400) ပဲရှိပြီးတော့ မြေကြီးကလာတဲ့ ကြိုးကကျတော့ (200)၊ မြေကြီးကလာတဲ့ ကြိုးတစ်ကြိုးကိုလည်း အဲဒီ အသွင်(၃)မျိုးပါတဲ့ ကြိုးတစ်ကြိုးက အိမ်တွေရောက်တဲ့ ကြိုးကတော့ (200)လိုင်း ရှိပါတယ်။ (220) လိုင်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူတွေအဓိက ဓာတ်လိုက်သေဆုံးတဲ့လိုင်းကလည်း အဲဒီ (220) လိုင်းကြောင့် ဖြစ်တာများပါတယ်။ စက်ရုံ၊ အလုပ်ရုံလိုင်း ကတော့ (400)လိုင်းက လူက (400)လိုင်းကို (400)ကြိုးကြီးကို တစ်ကြိုးကို ခြေထောက်နင်း၊ တစ်ကြိုး အပေါ်မှာ လက်ကိုင်လွဲ အခြေအနေမျိုးကတော့ ဖြစ်တောင့်ဖြစ်ခဲပါပဲ။ အဲဒီ(400)လိုင်းနဲ့ ဓာတ်လိုက် သေတယ် ဆိုတာတော့ ကျွန်တော်မကြားဖူး သလောက်ပါပဲ။ အဓိက ကတော့ (220) လိုင်းနဲ့ ဓာတ်လိုက် သေတာပါ။ ဘာကြောင့် (220)လိုင်းနဲ့ ဓာတ်လိုက်သေတယ်ဆို သူ့ရဲ့ပင်ကိုကကို မြေကြီးက ကြိုးတစ်ကြိုး ဖြစ်နေလို့ပါ။

ကျွန်တော်တို့လူမျိုးက ကိုယ်က မြေကြီးပေါ်မှာ ရပ်နေတယ်ဆိုတော့ ကိုယ်က ဓာတ်ကြိုး တစ်ချောင်းကို ကိုင်ထားပြီဆိုတဲ့ အနေအထားဖြစ်နေပါပြီ။ အဲဒီတော့ ကျွန်တော်တို့က ဓာတ်လိုက်ဖို့အတွက် နောက်ထပ် ကြိုးတစ်ချောင်းပဲ လိုပါတော့တယ်။ ကျွန်တော်တို့က ခိုလေး၊ ငှက်လေးတွေလို ကြိုးတစ်ချောင်း အပေါ်မှာ နေတာ မဟုတ်ပါဘူး။ သီးခြားနေရတဲ့ သဘောမဟုတ်ပါဘူး။ ပင်ကို တစ်ချောင်းကိုက မြေကြီးပေါ်မှာနေတဲ့ ကြိုးတစ်ချောင်းတွေပါပဲ။ နောက်ထပ်ကြိုးတစ်ချောင်း ထိရင်းကိုင်ရင်းနဲ့ ဖြစ်လို့ရှိရင် ကျွန်တော်တို့အတွက် ကျွန်တော်တို့ နှလုံးသားကို လျှပ်စစ်ဓာတ်အား ဖြတ်စီးဖို့ရာ အဆင်သင့် ဖြစ်နေပါပြီ။ အဲဒီတော့ ကျွန်တော် အဓိကတင်ပြချင်တာက ကျွန်တော်တို့ လူမျိုးရဲ့စရိုက်ပါပဲ။ ကျွန်တော်တို့လူမျိုးက ဖိနပ်စီးရတာ၊ ဖိနပ်စီးလို့ရှိရင်လည်း ဒီလွှာချင်းဖိနပ်လို ဖိနပ်သေးသေးလေးတွေစီးရတာပဲ အဓိက ဖြစ်ပါတယ်။ ကျွန်တော့် ရန်ကုန်မှာရှိတဲ့ တချို့ အလုပ်ရုံတွေမှာဆိုလို့ရှိရင် ဖိနပ်မပါပဲနဲ့ကို အလုပ်လုပ်နေ တာ တွေ့ရပါတယ်။ ကျွန်တော်တို့ လူမျိုးတွေက ဖိနပ်စီးတာ အားနည်းတယ်။ နောက် ကျွန်တော်တို့ နိုင်ငံကလည်း စွတ်စိုတဲ့ဒေသတွေ များတယ်ပေါ့နော်။ အဲဒီတော့ ကျွန်တော်တို့ လူမျိုးက အမြဲတမ်း Earth မိနေတဲ့သဘော များနေတယ်ပေါ့။ ကျွန်တော် အိန္ဒိယတို့၊ စင်ကာပူတို့ ကျွန်တော်ရောက်ခဲ့တဲ့နိုင်ငံ တွေမှာဆိုလို့ရှိရင် သူတို့လူမျိုးတွေက ရာဘာဖိနပ်တွေ၊ ဖိုင်ဘာဖိနပ်တွေ ယောကျ်ား၊ မိန်းမခွဲအမြင့် အမြဲတမ်းစီးနေတယ်။ သူတို့ အဆောက်အအုံတွေကလည်း ခြောက်သွေ့တဲ့ အဆောက်အအုံတွေ များတယ်ပေါ့။ လုပ်ရတာ များတဲ့အတွက် သူတို့က အမြဲတမ်း Earth လွတ်နေတာ များတယ်ပေါ့။ အဲဒီနိုင်ငံတွေမှာ လျှပ်စစ် ဓာတ်အားက သူတို့ရဲ့ လူမျိုးနဲ့ စရိုက်အနေ အထားနဲ့ ဒီ Earth လွတ်နေတဲ့ အနေအထားအရ လျှပ်စစ်ဓာတ်အား ထိခိုက်မှုက ကျွန်တော်တို့ထက် နည်းတာဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ခုတင်ပြရရင် ကျွန်တော်တို့ အခုသွယ်ထားတဲ့ ကြိုးတွေက (400) ကျွန်တော်တို့ အိမ်တွေ ဆောက်ရင် သွယ်တဲ့ (400) ကြိုးပါ။ ကျွန်တော်တို့ ပထမတင်ပြတဲ့ High Voltage Line တွေကတော့ အလူမီနီယံကြိုးနဲ့ စတီးကြိုးတွေကိုသုံးမယ်။ ပြတ်ဖို့အတွက်က မဖြစ်နိုင်ဘူး။ သူက သူ့ရဲ့ Hight Voltage ဖြစ်တဲ့အတွက် သူက Low Ampere နည်းနည်းပဲ စီးတဲ့အတွက် သူ့မှာလည်း ဒဏ်ခံရတာ နည်းတဲ့အတွက် ------------

**ဥက္ကဋ္ဌ**။ ။ ဖြည်းဖြည်းပြောပါ။ ရပါတယ်။ တော်ကြာ ပြီးသာပြီးသွားရော ဘယ်သူမှ နားမလည်လိုက်ဘူး ဖြစ်သွားမယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဓာတ်ကြိုးတွေမှာ High Voltage ကြိုးတွေဟာ ခုနကပြောတဲ့ ACSR ဆိုတဲ့ အလူမီနီယံကြိုးကို အထဲက စတီးကြိုးထည့်တာပါ။ အထဲကစတီးကြိုးရဲ့ သဘောတရားအရ သူက မပြတ်နိုင်တော့ပါဘူးပေါ့နော်။ ပြီးတော့ သူ High Voltage ဖြစ်တဲ့အတွက် ကျွန်တော်တို့ လျှပ်စစ်ရဲ့ Formula အရဆိုရင် စွမ်းအင်က Voltage နဲ့ Current မြှောက်လဒ်နဲ့ တူပါတယ်။ Voltage တစ်အားမြင့်တယ်ဆိုရင် Current က တစ်အားနည်းတယ်။ High Voltage လိုင်းကြီးမှာ စီးတဲ့ Ampere က နည်းတဲ့အတွက် ဒီ Ampere ကြောင့် ဓာတ်ကြိုးက ဒဏ်ခံနိုင်မှု နည်းတဲ့အတွက် ကြိုးက ထိခိုက်မှုမရှိတော့တဲ့အတွက် ကြံ့ခိုင်ပါတယ်။

ဒါပေမဲ့ အဓိကလူတွေကို ဒုက္ခပေးနေတာက (400)လိုင်းမှာကျတော့ ကျွန်တော်တို့ အလူမီနီယံ ကြိုး မသုံးနိုင်ပါဘူး။ ကြေးကြိုးပဲ သုံးရတာပါ။ အဲဒီစတီးကြိုးက ကြေးသားသက်သက်ပါပဲ။ စတီးသားမပါ ပါဘူး။ အဲဒီကြေးရဲ့ နောက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကြေးကြိုးတွေကို တပ်တဲ့အခါမှာ ဓာတ်တိုင် (၁၀)တိုင်ကို ကျွန်တော်တို့ ဒီကြေးကြိုးကြီးကို ကျွန်တော်တို့ ခြေတွေစုန်ကန်၊ Weight တွေနဲ့ စုန်ကန် ပြီးတော့မှ တင်းနေအောင် ဆွဲရတာပါ။ အဲဒီတော့ ဒီကြေးကြိုးကြီးဟာ သူတို့ရဲ့ နဂိုကတည်းက တင်းနေ တယ်။ အဲဒီကြားထဲမှာ အဲဒီတင်းနေတဲ့ကြိုးကြီးက သူ့ဟာသူ နေတာမဟုတ်ပါဘူး။ သူ့အထဲမှာ Ampere ဆိုတဲ့ လျှပ်စီးတွေက ဖြတ်စီးနေတာပါ။ အဲဒီလျှပ်စီးနေတဲ့အခါမှာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကြေးကြိုးရဲ့ Cross Sectional Area ဆိုတဲ့ ကြေးကြိုးအတုတ်ပေါ့။ ကြေးကြိုးအတုတ် ဘယ်လောက် အတုတ်မှာ လျှပ်စီး Ampere ဘယ်လောက်စီးရမလဲဆိုတဲ့ ကန့်သတ်ချက်ရှိပါတယ်။ အဲဒီကန့်သတ်ချက် ထက်ကျော်ရင် ဘာဖြစ်မလဲလို့ မေးစရာရှိရင် ကန့်သတ်ချက်ထက်ကျော်ရင် ကြိုးပူပါမယ်ခင်ဗျား။ အဲဒီကြေးကြိုးဟာ အဲဒီ Ampere ကန့်သတ်ချက်ထက်ကျော်ပြီး ပူအောင်လည်း စီးရတယ်။ သူ့နဂိုက လည်း တင်းနေအောင် အဆွဲခံရလို့ရှိရင် ဘာဖြစ်မလဲဆိုလို့ရှိရင် ကျွန်တော်တို့က ပြတ်ကျဖို့ အဆင်သင့်ပဲ ရှိနေပါပြီ။ သူက အတွင်းက လျှပ်စီးတွေအများကြီးကြောင့် အပူခံတယ်။ သူ့ရဲ့နဂိုအရ တိုင်တစ်ဖက်ကို လည်း တင်းထားခံရတဲ့အတွက် သူပျော့ပြီးတော့ ပြုတ်ကျမှာပဲ ဖြစ်ပါတယ်။ အဲဒီတော့ လျှပ်စစ်ဓာတ်အား ကြိုးက ဓာတ်တိုင်က ဓာတ်ကြိုးတွေ ပြတ်ကျတာ သူ့နဂိုပြတ်ကျတယ်လို့ ပြောလို့မရပါဘူး။ နံပါတ်(၁) ကတော့ လျှပ်စစ်ဓာတ်စီးရေးအတွက် ဓာတ်ကြိုးသေးသေးလေးပေါ်မှာ ကျွန်တော်တို့ လူတွေအများကြီး သုံးစွဲခွင့်ကိုပေးတဲ့ လျှပ်စစ်ဝန်ကြီးဌာနရဲ့ အထက်ဌာနတွေ၊ ဒီသုံးစွဲခွင့်အတိုင်း တပ်ဆင်ပေးတဲ့ လျှပ်စစ် ဝန်ကြီးဌာနရဲ့ အောက်ဌာနတွေ၊ ဒီအတိုင်း ဝိုင်းဝန်းသုံးစွဲကြတဲ့ ကျွန်တော်တို့ ပြည်သူအများပေါ့နော်၊ ဒီ(၃)ချက်စုံတဲ့အတွက် ဒီဓာတ်ကြိုးက ပြတ်ကျသွားတာပါ။

ဒါကြောင့် ကျွန်တော်က ဓာတ်ကြိုးပြတ်ကျတိုင်း ကျွန်တော်တို့က လျှပ်စစ်ဝန်ကြီးဌာန အောက်ခြေက တာဝန်ရှိသူတွေကို အပြစ်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တစ်ခုတင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲမှာ အစွယ်လိုချင်သူ မိဖုရား၊ စေခိုင်းသူက ဘုရင်ကြီး နဲ့ လေးပစ်သူ၊ မြားပစ်သူ ကျွန်တော်မျိုးမှာ ကျွန်တော်မျိုးချည်းခံရလို့ မသင့်တော်ပါဘူးပေါ့နော်။ အဓိကကတော့ ဓာတ်ကြိုး သေးသေးလေးမှာ သုံးစွဲခွင့်ပြုတဲ့ ဝန်ကြီးဌာနရဲ့ Policy ၊ ဒီ Policy အတိုင်း အကောင်အထည် ဖော်ပေးတဲ့ မြို့နယ်အဆင့်က လျှပ်စစ်တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အဲဒီကြိုးဆွဲရေးမှာပဲ အားပါးတရ ဝိုင်းဝန်း သုံးစွဲကြတဲ့ ပြည်သူအများတွေပေါ့။ ဒီဟာကြီးကြောင့် ကျွန်တော်တို့ ပြတ်ကျရခြင်း ဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ပြတ်ကျတဲ့အထဲမှာ အောက်မှာ မကောင်းသူထိပ်၊ ကောင်းသူထိပ် အောက်မှာ ဖိနပ် မစီးတဲ့သူတွေတွေ့တဲ့ အခါကျတော့ အမိကတော့ ထိခိုက်ကြတာ ဖြစ်တာပါပဲ။

ဟို ဘယ်လိုပဲ ပြောပြောပေါ့။ ကျွန်တော်ကတော့ လျှပ်စစ်အန္တရာယ် ကာကွယ်တဲ့အနေနဲ့ ဘယ်နေရာသွားသွား ရာဘာဖိနပ်အထူစီးတယ်။ အဲဒီတော့ ကျွန်တော့်ခေါင်းပေါ် ဓာတ်ကြိုးပြတ်ကျရင်တောင်မှ ကျွန်တော်က အာမခံပါတယ်။ ကျွန်တော် မသေနိုင်ပါဘူး။ အဲဒီတော့ မနေ့က ကျွန်တော် တီဗွီသတင်း နားထောင်ပါတယ်။ လျှပ်စစ်ဝန်ကြီးဌာနက ပြောပါတယ်တဲ့ သူတို့ အရင်တုန်းက သူတို့အစိုးရမတက်ခင်မှာ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား သုံးစွဲသူက (25.7) Percent ပဲ ရှိတယ်။ အခု (၃၃) ရာခိုင်နှုန်းထိအောင် သူတို့တိုးတက်ပြီဖြစ်ကြောင်း သူတို့ရဲ့အောင်မြင်မှုတွေကို ရေဒီယိုကနေ ကြွားနေတာကျွန်တော် ကြားနေရပါတယ်။ ကျွန်တော် ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က (၃၃)ရာခိုင်နှုန်းရှိတယ်ဆိုတာ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် (၆၆)ရာခိုင်နှုန်းလောက်၊ သုံးပုံပုံရင် နှစ်ပုံဟာ လျှပ်စစ်ဓာတ်အားကို မသုံးစွဲရသေးဘူး ဆိုတဲ့သဘောပါပဲ။ တစ်နည်းအားဖြင့် အများစုက သုံးစွဲခွင့် မရသေးဘူးဆိုတဲ့သဘောပါပဲ။ ဒီ (၃၃)ရာခိုင်နှုန်းဆိုတာဟာလည်း တကယ်တမ်းကျတော့ လျှပ်စစ်ကိုပေါ့နော်၊ ဗို့အားတွေအပြည့်နဲ့ တောင့်တောင့်တင်းတင်းနဲ့ ပေါ့နော်။ ပြည့်ပြည့်မီမီ သုံးနိုင်တဲ့ Percentage ကလည်း (25) Percent အောက်လောက်မှာပဲ ရှိမှာပါ။ အဲဒီတော့ ကျွန်တော်တို့က မြန်မာနိုင်ငံမှာ ကျွန်တော်ကိုယ်တိုင်ကလည်း လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရသူတစ်ဦးပါပဲ။ ကျွန်တော် ကုသိုလ်ကံ ထူးပါတယ်။ ဒါပေမဲ့ ကျွန်တော် သုံးစွဲခွင့်ရတဲ့အတွက် ကြိုးတွေကို ကောင်းအောင်လုပ်ပေးပါ၊ ခလုတ်တွေကို ကောင်းအောင် တပ်ပေးပါလို့ ကျွန်တော်မပြောပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်လိုတောင်မှ သုံးစွဲခွင့်မရတဲ့သူတွေရဲ့မျက်နှာကို ကျွန်တော် တစ်ချက် အားနာလို့ပါ။

အဲဒီတော့ ကျွန်တော် တစ်ခုအကြံပြုချင်တာကတော့ ဒီလျှပ်စစ်ဓာတ်အားနဲ့ပတ်သက်လို့ အန္တရာယ်ကင်းအောင် လုပ်ဖို့ဆိုလို့ရှိရင် ဒီ Materials ပိုင်းတွေ၊ ငွေရေးကြေးရေးပိုင်းတွေ လိုပါတယ်ပေါ့နော်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေအရပေါ့ ဒီ (400) လိုင်းတွေ လောက်ကိုတော့ ကိုယ်သုံးတဲ့သူကလည်း ကိုယ်တာဝန်ယူသင့်တဲ့ အခြေအနေ ရောက်နေပါပြီ။ နိုင်ငံတော်ကလည်း ဒီလောက်ထိအောင် မစွမ်းဆောင်နိုင်တဲ့ အခြေအနေပါ။ အဲဒီတော့ ကျွန်တော် တစ်ခုအကြံပေးချင်တာကတော့ ဒီ Policy ချပြီးတော့ ဝန်ကြီးဌာနကို အကြံပြုတယ် ဆိုပေမယ့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က ပြောတဲ့အခါမှဆိုလို့ရှိရင်၊ ပြောလို့ရှိရင် ဟိုတလောကလာတဲ့ လျှပ်စစ်ဒုဝန်ကြီးဟာ ငွေသာချပေးပါ၊ ငွေသာချပေးရင် သူတို့လုပ်နိုင်ပါတယ် ဆိုတာ မှန်ပါတယ်။ အခုလည်း ကျွန်တော်နဲ့ သိတဲ့ စင်ကာပူက ကုမ္ပဏီတွေမှာဆိုရင် မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားသွယ်တန်းမှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရဖို့အတွက် သူတို့ တင်ဒါတွေ တင်ဖို့ကြိုးစားနေပါတယ်။ ဒါပေမဲ့ သူတို့တင်ထားတဲ့ Proposal ဈေးတွေမေးကြည့်တော့ ဈေးတွေက ကြောက်ခမန်းလိလိပါပဲ။ အဲဒီတော့ ကျွန်တော်တို့ ပေးနိုင်မပေးနိုင် အခြေအနေပေါ်မှာပဲ မူတည်ရမှာပါ။ အဲဒီတော့ ကျွန်တော် တင်ပြချင်တာကတော့ လျှပ်စစ်ဓာတ်အား ပြည်သူတွေ၊ စက်ရုံတွေ တကယ်သုံးစွဲနေတဲ့ (400) လိုင်းကို တော့ ကိုယ်အားကိုယ်ကိုးစနစ်နဲ့ ခွင့်ပြုပေးဖို့တော့ ဒီကိုယ်အားကိုယ်ကိုးစနစ်နဲ့ တည်ဆောက်ထားတဲ့ Quality ပိုင်းတွေနဲ့ ကျလို့ရှိရင်တော့ ဒီလျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့ စစ်ဆေးပေးလို့ရှိရင်တော့ ဒီ (400) လိုင်းတွေရဲ့ အခြေအနေဟာ တော်တော်တိုးတက်မယ်လို့ ကျွန်တော် ယူဆပါတယ်။ အခုနက ပြောတဲ့

ကြိုးက သေးသေးလေး ပျော့တော့ ပြတ်တယ်။ ဒီလိုအဆင့်မျိုးတွေ ကျော်လွှားနိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်။

နောက်တစ်ခု တင်ပြတာကတော့ ခုနက ကျွန်တော့်ရှေ့က ကိုယ်စားလှယ်ကြီး တင်ပြတဲ့ အတိုင်းပဲ ကျွန်တော်သိပါတယ်။ လျှပ်စစ်ဓာတ်အားနဲ့ သေတဲ့သူတွေ တော်တော်များများပေါ့။ အဲဒါကို ကျွန်တော် နားထောင်ကြည့်တဲ့အခါကျတော့ မြန်မာနိုင်ငံမှာ ဓာတ်ကြိုးပြတ်ကျလို့ သေတဲ့လူထက် အိမ်တွင်း၊ အလုပ်ရုံတွင်း ကနေပြီးတော့ ဓာတ်လိုက်လို့သေတဲ့သူက ပိုများပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဈေးထဲမှာ ဓာတ်ကြိုးကြီးပြတ်ကျတော့ အုတ်အော်သောင်းတင်းဖြစ်ပြီး ဂျာနယ်လည်း တော်တော်ရောင်းကောင်းသွားတာပေါ့နော်။ ဒါပေမဲ့ သေသွားတဲ့လူအပေါ်မှာထက် အိမ်တွင်း၊ စက်ရုံတွင်းမှာရှိတဲ့ ဓာတ်လိုက်သေတဲ့ပမာဏက တော်တော်များပါတယ်။ ဒါဟာ ဘာကြောင့်ဖြစ်ရလဲဆိုတော့ ကျွန်တော် ဥပမာတစ်ခု၊ အတွေ့အကြုံလေးတစ်ခု တင်ပြရလို့ရှိရင် ကျွန်တော် စင်ကာပူမှာရောက်တော့ ကျွန်တော့် သူဌေးအိမ်လေးဆီရောက်တော့ သူ့အိမ်မှာ မီးကြိုးလေးခလုတ်တစ်ခုကို ဟိုဘက်ခလုတ်ကို ပြောင်းတပ်ပေးဖို့ ပြောတော့ ကျွန်တော် တပ်ပေးပါမယ်ပြောတော့ သူက လက်မခံဘူး။ သူက ဘာလို့လဲဆိုတော့ မင်းက တပ်ခွင့်မရှိဘူးတဲ့။

မင်းက ဒီနိုင်ငံမှာရှိတဲ့ ကျွမ်းကျင်လက်မှတ်လည်း မရဘူး။ ဒီနိုင်ငံက အသိအမှတ်ပြုတဲ့ ကျွမ်းကျင်လက်မှတ်လည်း မရဘူး။ ပြီးတော့ ဒီနိုင်ငံမှာရှိတဲ့ လျှပ်စစ်ဘုတ်အဖွဲ့ကလည်း ဒါကို မင်းကို သူတို့မသိဘဲနဲ့ လုပ်လို့မရဘူးပေါ့နော်။ သူတို့ဆီမှာကျတော့ ဒီဘုတ်ခလုတ်လေးကို ဒီဘက်ခန်းကနေ ဒီဘက်ထောင့်ကနေပြီးတော့ ဟိုဘက်ထောင့်ကို ပြောင်းကပ်ဖို့ကို သူတို့အဲဒီမှာရှိတဲ့ လျှပ်စစ်ဘုတ်အဖွဲ့ကို တင်ပြရတယ်။ လျှပ်စစ်ဘုတ်အဖွဲ့ကနေပြီးတော့ ကိုယ်က လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရကို ကိုယ်က ခေါ်ရတယ်။ ခေါ်ပြီးလို့ရှိရင် သွားပြီးတပ်ရတယ်။ အဲဒီတော့ သူတို့ခွင့်ပြုချက်နဲ့ ကျွမ်းကျင်လက်မှတ်ရသူတွေတပ်၊ တပ်ပြီးတဲ့သူအပေါ် သူကလာစစ်၊ စစ်ပြီးတော့မှ သူက ထောက်ခံချက်လက်မှတ်ပေးပြီးတော့ ထုတ်ပေးရတာပေါ့။ အဲဒီတော့ အဓိကတင်ပြချင်တာက မြန်မာနိုင်ငံမှာ ဒီလျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းပြုပြင်ရေး လုပ်ငန်းတွေဟာ ဘယ်သူလုပ်သလဲဆိုရင် ကျွန်တော်တို့ဆိုလို့ရှိရင် များသောအားဖြင့် ကွမ်းယာဆိုင်က ကလေးတွေ ခေါ်လုပ်ပြီးတော့၊ ကွမ်းယာဆိုင်က ခေါ်လုပ်တာများပါတယ်။ ကွမ်းယာဆိုင်က ကောင်လေးက ရေပိုက်ပြတ်ရင်တော့ သူလုပ်တယ်၊ မီးကြိုးပျက်လို့ရှိရင်တော့ ဟိုနားဒီနား စမ်းပြီးသူလုပ်တယ်။

အဲဒီတော့ လျှပ်စစ် ကျွမ်းကျင်မှုမရှိဘဲနဲ့ အလွယ် အဖြစ်လုပ်ကြတဲ့အခါမှာ ခုနကပြောတဲ့ Safety နဲ့ပတ်သက်တဲ့ Rules တွေ၊ Regulation တွေ ကျွန်တော်တို့ မလိုက်နာနိုင်ပါဘူး။ အဲဒီတော့ နောက်ပြီးတော့ ပြီးခဲ့တဲ့ဟာဝါထဲမှာပဲ သင်္ကန်းကျွန်းမှာရှိတဲ့ သွားဆေးတက္ကသိုလ်မှာ ကွန်ပျူတာ လုပ်တဲ့ ကလေး(၂)ယောက် ဓာတ်လိုက်ပြီးသေပါတယ်။ နောက်ဟိုတလောက အဲယားကွန်းလုပ်တဲ့ ကလေး (၂)ယောက် အလုပ်ခွင်ထဲမှာ ဓာတ်လိုက်ပြီး သေပါတယ်။ အဲဒါတွေက ဘာလို့လဲဆိုရင် ဒီအလုပ်ခွင်ထဲမှာရှိတဲ့ လျှပ်စစ်သုံးစွဲမှုနဲ့ပတ်သက်လို့ ဒီထောက်ခံချက်တွေ၊ ကျွမ်းကျင်မှုလက်မှတ်တွေဟာ သက်ဆိုင်ရာ ဝန်ကြီးဌာနက စစ်ဆေးကြပ်မတ်မှုတွေ အားနည်းလို့ပါ။ တစ်နည်းအားဖြင့် အိမ်တွင်း၊ အလုပ်ရုံအတွင်းမှာရှိတဲ့ ဒီလျှပ်စစ်သွယ်တန်းခြင်း၊ သုံးစွဲခြင်းနဲ့ ပတ်သက်လို့ ဝန်ကြီးဌာနက တာဝန်မယူပါဘူး။ တာဝန်လည်း မဲ့ပါတယ်။ ဒါကြောင့် သေရတာပါ။ ကျွန်တော်လည်း သူတို့ကိုပဲ အပြစ်တင်ပါတယ်။

သူတို့အဲဒီ သေတဲ့ ပမာဏလည်း ပိုများပါတယ်။ ဒါဟာ သူတို့ တာဝန်ယူရမှာပါ။ နိုင်ငံတကာမှာ မီတာဘောက် တပ်ပြီးတော့ မင်းတို့အထဲမှာ မင်းတို့လုပ်ချင်ရာလုပ်တော့ ဆိုပြီးတော့ အဲဒီလို ပစ်စလက်ခတ်ကို ခွင့်ပြုထားတဲ့ အခြေအနေကြောင့် ဒီလိုလူတွေ ပိုးစိုးပက်စက် ဖြစ်ရတာပါ။ လူတွေက အသိတရား မရှိနိုင်ဘူးပေါ့နော်၊ သာမန်လူတွေက။ အဲဒါကို လျှပ်စစ်ဝန်ကြီးဌာနက ကျွမ်းကျင်သူဝန်ထမ်းတွေနဲ့ ကြပ်မတ်ပြီးတော့ ဒီကြိုး ဒီနေရာကို မသုံးရဘူး၊ ဒီခလုတ် ဒီနေရာကို မတပ်ရဘူး။ ဒါမျိုးတော့ သူတို့က ကျွမ်းကျင်တဲ့သူနဲ့ပေးရမှာပါ။

သူတို့လူတွေစစ်ဆေးရမယ်၊ စစ်ဆေးပြီးတော့ Safety ဖြစ်ရမယ်၊ မဖြစ်တဲ့ဟာကို ပြုပြင်ခိုင်းရမယ်။ ပြုပြင်ပြီးတော့မှ ဒီ Safety ဖြစ်တဲ့ဟာကို သူတို့လက်မှတ်ပေးပြီးတော့မှ ပြုပြင်သုံးစွဲခိုင်းရမှာဖြစ်ပါတယ်။ ဒါတွေမရှိဘဲနဲ့လူတွေသေတိုင်း ကျွန်တော်တို့က ကရုဏာကြေး ထည့်ပြီးတော့ သဂြိုလ်နေလို့တော့ မဖြစ်နိုင်ဘူးပေါ့နော်။ ဒါတွေမဖြစ်အောင် ကျွန်တော်တို့က ကြိုတင်ပြီးတော့ လျှပ်စစ်ကျွမ်းကျင်သူတွေ နဲ့ လုပ်ရမှာပါ။ လျှပ်စစ်ကျွမ်းကျင်မှုဆိုလို့ရှိရင် ဘယ်လောက်ထိအောင် အခြေအနေဆိုးဝါးနေလဲ ဆိုရင် ဟိုတလောက လှိုင်သာယာမှာ လျှပ်စစ်ထရန်စဖော်မာခြံဝန်းထဲကို ဝင်ကြည့်တဲ့ လျှပ်စစ်လုပ်သားတစ်ဦးကိုယ်တိုင် ဓာတ်လိုက် သေဆုံးသွားပါတယ်ပေါ့နော်။ ကျွန်တော် တော်တော် စိတ်မကောင်းပါဘူး။ သာမန်လူတစ်ဦး ဓာတ်လိုက်သေတာထက် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းတစ်ဦးဟာ ထရန်စဖော်မာထဲကို ဝင်ကြည့်ရင်းနဲ့ ဓာတ်လိုက်သေတယ်ဆိုတာ ဩော် ဖြစ်မှဖြစ်ရလေ တော်တော် အခြေအနေ ဆိုးနေတာပဲလို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ထရန်စဖော်မာ ဆိုတာ သူက ထရန်စဖော်မာကို လာတဲ့ အဝင်ကြိုးဆိုတာ (၁၁၀၀၀) ဗို့အားပါ။ လူနဲ့ဘာမှ ထိစရာအကြောင်းမရှိဘူး။ အောက်ခြေမှာရှိတဲ့ 400 ကြိုးတွေမှာကျတော့ သူတို့ ငုတ်ကြီးတွေ ထုတ်ထားတယ်။ Fuse ကြီးတွေ တပ်ထားတယ်။ အဲဒီကြားထဲ ကလေးက ဝင်မယ်၊ လျှပ်စစ်သမားက ဝင်ပြီးတော့ သူ့တံတောင်နဲ့ ထိပြီးတော့ သူ သေသွားတယ်ပေါ့နော်။ အဲဒါကလည်း ဘယ်လိုခေါ်မလဲ ဆိုတော့ ကလေးကိုယ်တိုင်ကလည်း ဒီပစ္စည်းနဲ့ လွတ်အောင် မနေတတ်တာရယ်၊ လက်ကို ဒီလိုမထိရအောင် သူဂရုမစိုက်မိဘူး ဆိုတာရယ် ကျွမ်းကျင်မှု မရှိတဲ့ သဘောပါပဲ။ ထရန်စဖော်မာ စစ်ဆေးကြည့်တယ်ဆိုတာက ဘာမှ ခဲယဉ်းတဲ့အလုပ်လည်း မဟုတ်ဘူးပေါ့နော်။ ဒါဟာ သူတို့က လူကိုသာ ခိုင်းတယ်၊ ခိုင်းတဲ့သူကို သူတို့က ကျွမ်းကျင်အောင် လုပ်မပေးဘူးပေါ့နော်။ ဝန်ကြီးဌာနက တာဝန်ပေးပြီးတော့ ကျွမ်းကျင်အောင် မလုပ်ပေးတော့ သေခိုင်းတဲ့ သဘော ဖြစ်နေတာပေါ့နော်။ ဒါလည်း တော်တော်စိတ်မကောင်းစရာပါပဲ။

နောက်တစ်ခုက ကျွန်တော်တို့က ရပ်ကွက်တွေမှာ တွေ့ရပါတယ်။ ထရန်စဖော်မာ ငုတ်ကြီးတွေ ထိုးပြီးပြီဆိုရင် ဒီဝါယာကြိုးကြီးတွေ ဆက်တာပေါ့။ Fuse ကြိုးကြီးတွေ၊ နိုင်ငံတကာမှာ Fuse မသုံးတော့တာ နှစ်ပေါင်း(၅၀)လောက် ရှိပါပြီ။ ကျွန်တော်တို့ဆီမှာ Fuse ကြီးကြီးတွေ သုံးတယ်ပေါ့နော်။ တချို့လျှပ်စစ်ကျွမ်းကျင်သူတွေဟာ ညဘက်ကြီးမှာ Fuse ပျက်လို့ရှိရင် ဒီပလက်ယာထိပ်မှာ ပတ်ပြီးတော့ မီးတဟုန်းဟုန်းကြားထဲမှာ သူပတ်နေတာ။ တော်တော်စိတ်မကောင်းဘူး။ ဩော် တို့ လျှပ်စစ် လုပ်သားတွေလဲ တော်တော်ဖြစ်ကတတ်ဆန်း လုပ်နေရပါလားပေါ့နော်။ နိုင်ငံတကာမှာ ဟုတ်လား တစ်ခုခုဖြစ်ရင် ဒီ Breaker ပြုတ်ကျမယ်။ ပြုတ်ကျတဲ့ Breaker ကို လျှပ်စစ်ဝန်ထမ်းက ပြန်ပြီး အိခြွေရရန့် ဆက်ရုံပါပဲ ပေါ့နော်။ ကျွန်တော်တို့ ဖြစ်ကတတ်ဆန်း လုပ်နေတာကို တွေ့တော့လည်း ဝန်ကြီးဌာနက တော်တော်လေး

သူ့လုပ်သားတွေအပေါ်မှာရော ဖြစ်ကတတ်ဆန်းခိုင်းတဲ့ အန္တရာယ်ကြားထဲမှာ ခိုင်းတဲ့သဘောမျိုး ဖြစ်နေတာပါ။ အဲဒါလေးတွေလည်း ကျွန်တော်က ပြုပြင်စေချင်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြရလို့ရှိရင် ကျွန်တော်တို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတဲ့ (400) ဓာတ်အားလိုင်းတွေဟာ Update လုပ်ဖို့ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ သုံးပုံနှစ်ပုံသော လူဦးရေဟာဆိုရင် လျှပ်စစ်ဓာတ်အား မသုံးစွဲရသေးပါဘူး။ သူတို့အတွက် ကျွန်တော်တို့က သူတို့ဆီကို (11) လိုင်းတွေ ရအောင်သွယ်တန်းဖို့လုပ်ငန်းတွေကို လျှပ်စစ်ဝန်ကြီးဌာနက ဖိလုပ်ပါ။ (400) လိုင်းတွေ Update လုပ်ဖို့အတွက် ကိုယ့်အားကိုယ်ကိုးစနစ်တွေ၊ သမဝါယမစနစ်တွေ၊ ကိုယ်ထူကိုယ်ထစနစ်တွေ သုံးစွဲသူတွေကိုယ်တိုင်ခွင့်ပြုဖို့၊ လုပ်ကိုင်ခွင့်ပြုဖို့ ဒီလိုလုပ်ပိုင်ခွင့်ပြုဖို့လည်း လျှပ်စစ်ဥပဒေက ခွင့်ပြုထားပြီး ဖြစ်ပါပြီ။ ဒီလျှပ်စစ်ဥပဒေကလည်း သူတို့လုပ်ပိုင်ခွင့် ရကြတော့မှာပါ။ ဒီ Quality Control နဲ့ ပတ်သက်လို့ QC ပါ ဒီလျှပ်စစ်ဝန်ကြီးဌာနက စစ်ဆေးပေးဖို့၊ ဒုတိယအချက်ကတော့ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းတွေကို ဒီအိမ်တွင်း၊ စက်မှုတွေမှာ သင်တန်းတွေပို့ချဖို့၊ သင်တန်းဆင်းလက်မှတ်ရတဲ့သူက လုပ်ဖို့၊ အိမ်တွင်း၊ အလုပ်ရုံတွေမှာ လျှပ်စစ်သုံးစွဲမှုနဲ့ပတ်သက်လို့ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ပေးဖို့၊ နောက်တစ်ခုက ကျွန်တော်တို့ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့နော်၊ လက်ရှိအခြေအနေနဲ့အားနည်းတဲ့ ကျွန်တော်တို့ လွှတ်တော်က ဆုံးဖြတ်တဲ့ ဒီအခြေအနေထက် ကောင်းစရာလမ်းမမြင်သေးပါဘူး။ လောလောဆယ် ပြည်သူတွေ ဖိနပ်ထူထူစီးဖို့၊ လွတ်အောင်နေဖို့ ကျွန်တော်တင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ နားထောင်ရတာ မောသွားပြီ။ နေ့လယ်စာ သုံးဆောင်ဖို့ (၁)နာရီ (၁၅)မိနစ်လောက် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့် (၅)ဦးရှိပါတယ်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကော်မတီလုပ်ငန်း။ ဦးခင်မောင်ရီ၊ ရေဝတီ(၆)၊ ဥပဒေကြမ်းကြားနာရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း၊ တပ်မတော်၊ တာဝန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်(၅)ဦးကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃:၁၄။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၁၄။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ တပ်မတော်သားကိုယ်စားလှယ် များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆန္ဒပြုရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စက်တင်ဘာလ ၂၅ ရက်နေ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း တင်သွင်းခဲ့တဲ့ ပြည်သူအများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အကူအညီ အထူးအစီအစဉ်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဆွေးနွေးတင်ပြသွားခဲ့တဲ့အတိုင်း ယခု နှစ်ပိုင်းအတွင်းမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်ကြိုးများ ပြုတ်ကျ၊ ပြတ်ကျခြင်းနဲ့အတူ ချို့ယွင်းမှုရှိ ဓာတ်ကြိုးများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးမှုများ၊ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခဲ့မှုများစသည်တို့ နေရာဒေသအတော်များမှာ ဖြစ်ပေါ်ကြုံတွေ့ကြရတာကို သိရှိကြပြီးဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ (၈)နှစ်အတွင်းမှာ သေဆုံးမှု (၆၈၃)ဦး၊ ထိခိုက်ဒဏ်ရာရသူ (၂၀၄)ဦးရှိတယ်လို့လည်း သတင်းစာ၊ ဂျာနယ်များမှာ ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါ သေဆုံးထိခိုက်ဒဏ်ရာရမှုများကို Low Tension ဓာတ်အားလိုင်းနှင့် အထက် High Tension ဓာတ်အားလိုင်းကြိုးများ ပြုတ်ကျမှုကြောင့် ပါဝင်သလို ဓာတ်အားသုံးစွဲသူများရဲ့ ပေါ့ဆမှုအဖြစ် အိမ်တွင်းသုံး၊ စက်မှုလက်မှု လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများ ဥပမာ - မီးပူ၊ မီးဖို၊ ရေခဲသေတ္တာ၊ ရေတင်မော်တာ၊ တွင်ခုံများ စသည်တို့မှာ မြေစိုက်ကြိုးစနစ် ထည့်သွင်းသုံးစွဲမှုမရှိခြင်း၊

အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီခြင်းမရှိတဲ့ မီးကြိုးများ၊ ပေါက်ပြမီးကြိုးများကို အသုံးပြုခြင်းတို့ကြောင့် ထိခိုက်မှုများလည်း ပါဝင်နိုင်တယ်လို့ ယူဆပါတယ်။

ဒီဖြစ်ရပ်များကို ပြည်သူများနဲ့အဖွဲ့အစည်းအသီးသီးကလည်း မိမိတို့ရှုမြင်သုံးသပ်ချက်များနဲ့အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအပေါ် ဝေဖန်လျက်ရှိနေကြတာ အားလုံးသိရှိကြပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိအကြီးတန်းဝန်ထမ်းတစ်ဦးကလည်း ထိခိုက်ဒဏ်ရာရမှုများ မရှိစေရေးအတွက် ပြည်သူများအနေဖြင့်သာ ဂရုပြုတာဝန်ယူ သွားလာလုပ်ကိုင်ကြရန် ဝေဖန်မှတ်ချက်ပြုခဲ့လို့ မကျေနပ်ကြတဲ့ တုံ့ပြန်မှုများ ထွက်ပေါ်ခဲ့တာ အားလုံးသိရှိကြပြီးလည်း ဖြစ်ပါမယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယခင်အုပ်ချုပ်မှုကာလများမှာ နိုင်ငံတော်ဓာတ်အားစနစ် (National Grid) မရောက်ရှိသေးတဲ့ ဝေးလံခေါင်ဖျားဒေသများ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဗို့အားမြင့်ဓာတ်အားလိုင်းများ သို့မဟုတ် မဟာဓာတ်အားလိုင်းများ (H.T Transmission Lines) ကို ရန်ပုံငွေများစွာကျခံလျက် ခက်ခက်ခဲခဲသွယ်တန်းပြီး ဓာတ်အားဖြန့်ဖြူးမှု ကွန်ယက်စနစ် (Distribution Network) စနစ်တည်ဆောက်လျက်ရှိကြတာကိုလည်း လေ့လာ သိရှိနေရပါတယ်။

လက်ရှိမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ နှစ်အလိုက် လျှပ်စစ်ဖြန့်ဖြူးနိုင်မှု တိုးတက်စေဖို့ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို ဓာတ်အားထုတ်လုပ်မှုအပိုင်း (Generation) နှင့် ဓာတ်အားဖြန့်ဖြူးမှုအပိုင်း (Distribution) ဟန်ချက်ညီညီ ရှိစေရန် ဆောင်ရွက်လျက်ရှိနေတယ်လို့လည်း သုံးသပ်နိုင်ပါတယ်။ ထုတ်လုပ်မှုပိုင်းမှာ ရေအား (Hydro Power)၊ လေစွမ်းအား (Wind Power)၊ နေရောင်ခြည်စွမ်းအား (Solar Power) နှင့် အပူရှိန်သုံးဓာတ်အား (Thermal Power) ဥပမာ - ကျောက်မီးသွေးသုံး၊ သဘာဝဓာတ်ငွေ့သုံး စသည့်ကဏ္ဍများကို ဖြန့်ကျက်ဆောင်ရွက်လျက် ရှိနေတယ်လို့ နားလည်ထားပါတယ်။ မဟာဓာတ်အားလိုင်းများကိုလည်း ယခင်က မရှိခဲ့တဲ့ 500 KV လိုင်းများ အသစ် တည်ဆောက်ခြင်း၊ ကျန် ၂၃၀၊ ၁၃၂၊ ၆၆၊ ၃၃၊ ၁၁ ကေဗွီဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း စသည်တို့ ပါဝင်ကြောင်းလည်း သိရှိရပါတယ်။ ၎င်းရည်မှန်းချက်များ ဖြည့်ဆည်းနိုင်ဖို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်လုပ်မှုအပိုင်းနှင့် ဖြန့်ဖြူးမှုအပိုင်းတို့မှာပါ ကြိုးပမ်းအားထုတ်လျက် ရှိနေတဲ့အပေါ် အသိအမှတ်ပြုရမှာလည်း ဖြစ်ပါတယ်။

သို့ရာတွင် လူတို့ရဲ့ဆန္ဒနဲ့သဘာဝမှာ အောင်မြင်ကြမှုများကို မည်သို့ပင်ကျော်ဖြတ်နိုင်သည်ဖြစ်စေ အဆင်မပြေမှု တစ်စုံတစ်ရာကြုံတွေ့ရလျှင် ကျေနပ်မှုမရှိတဲ့သဘော ရှိတယ်ဆိုတာပါပဲ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် တိုးချဲ့စီမံကိန်းလုပ်ငန်းများအတွက် လိုက်လျောညီထွေရှိမယ့် ဘဏ္ဍာငွေကြေးကိုလည်း သုံးစွဲလျက်ရှိနေရာ နှစ်အလိုက် နိုင်နင်းစွာဖြန့်ဖြူးပေးနိုင်မယ့် စက်တပ်ဆင်အင်အား (Installed Capacity) ကို ချိန်ဆ၊ ချိန်ထိုးရန် လိုအပ်မယ်လို့ သုံးသပ်လိုပါတယ်။ နိုင်ငံတော်ရဲ့ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်ကို လက်တွေ့ကျကျကိုင်တွယ်ပြီး မနိုင်မနင်းတိုးချဲ့ဆောင်ရွက်ရမယ့် တစ်နည်းအားဖြင့် ငွေကုန်ကြေးကျများတဲ့ ထုတ်လုပ်မှုအတွက် စီမံကိန်းများ၊ ဖြန့်ဖြူးမှုအတွက် မဟာဓာတ်အားလိုင်းများနဲ့ ဓာတ်အားကွန်ယက်စနစ်များကို လိုအပ်ချက်ထက် ပိုမိုလုပ်ဆောင်ခြင်း ရှိ/မရှိ ပြန်လည်စဉ်းစားသင့်တယ်လို့ ယူဆပါတယ်။ ရှေ့သို့ချီရုံသာ မဟုတ်ဘဲ နောက်သို့ ပြန်လှည့်ကြည့်ရန်လည်း လိုအပ်ပါတယ်။

ကျွန်တော် ဆွေးနွေးလိုသည်မှာ မြို့ကြီးပြကြီးများမှာ ရှိပြီးရန်ပုံငွေအခက်အခဲ အကြောင်းပြုလျက် ပြည်သူများ လျှပ်စစ်အန္တရာယ် လုံခြုံစေမှုအတွက် ပြည့်ဝစွာ တာဝန်ယူနိုင်ခြင်းမရှိတဲ့ ဓာတ်အားစနစ် (Existing System) ဘက်သို့လည်း ပြန်လည်စဉ်းစားပြီး လုပ်ရိုးလုပ်စဉ်ထက် ပိုမိုအာရုံ စူးစိုက်ဖို့နဲ့ ရန်ပုံငွေသုံးစွဲဖို့လိုတယ်ဆိုတာပါပဲ။ စီးပွားရေးလုပ်ငန်းများ ပြည်တွင်းပြည်ပမှ တိုးချဲ့လာမှု၊ အိမ်သုံးတိုးတက်လာမှုတို့နဲ့ ဆက်စပ်ပြီး စက်တပ်ဆင်အင်အားကို ဝန်အားမြင့်မားစွာဖြင့် နေ့စဉ်၊ လစဉ် ပျမ်းမျှထုတ်လုပ်ဖြန့်ဖြူးမယ့် ဓာတ်အားများနဲ့အတူ ထိရောက်စွာ အသုံးချလည်ပတ်ခြင်း (Effective Utilization) ဆောင်ရွက်နိုင်ပါက နည်းမျိုးစုံနဲ့ ပျောက်ဆုံးနေတဲ့ ဓာတ်အားယူနစ်များ (Unit Losses) ကျဆင်းသွားမှာဖြစ်ပါတယ်။ ကျဆင်းအောင်လည်း လုပ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ရွာများကို ဓာတ်အားဖြန့်ဖြူးပေးရာမှာ ဓာတ်ကြိုးများပြတ်ကျမှု သို့မဟုတ် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများချို့ယွင်းမှု စသည်တို့ကြောင့် လူ့အသက် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာရတဲ့အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများအနေဖြင့် ရှေးယခင်ကတည်းက ကျင့်သုံးခဲ့တဲ့ နည်းစနစ်များကို လက်ရှိအချိန်မှာလည်း လက်တွေ့ကျကျ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ ရှေ့သို့ချည်း ချီတဲ့ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း စသည်တို့ကို ဦးစားပေးအရနဲ့ လိုအပ်ချက် တန်းစီဇယားအရသာ လုပ်ဆောင်သင့်တယ်လို့ သုံးသပ်လိုပါတယ်။

လျှပ်စစ်ဘဏ္ဍာငွေ အရ/အသုံးများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအဖြစ် စတင်တာဝန်ယူခဲ့တဲ့ ၁၉၉၈-၁၉၉၉ ဝန်းကျင် ဒါမှမဟုတ် ရှေ့ပိုင်းမှာကတည်းက ဓာတ်အားစနစ် ဖွံ့ဖြိုးရေးမြှင့်တင်လုပ်ဆောင်ချက် (System Improvement) အတွက် ဓာတ်အားသုံးစွဲသူများဘက်မှ ဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းပါဝင်ခဲ့ကြလို့ ဝန်ကြီးဌာန၊ လုပ်ငန်းဌာနများအနေနဲ့လည်း လူပြောသူပြောများတဲ့ ရှိပြီး ဓာတ်အားစနစ်အပေါ်မှာ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းတို့ လုပ်ဆောင်ပေးရန် လိုအပ်ပါတယ်။

ဓာတ်အားဖြန့်ဖြူးမှုစနစ်မှာ မတော်တဆ ထိခိုက်မှုများမရှိရန် မြေစိုက်ကြိုးစနစ် (Earthing System) ဆိုတာ အဓိကထား ဆွေးနွေးလိုပါတယ်။ 400 V, 11 KV, 33 KV စတဲ့ ဓာတ်အားလိုင်းများမှာ လိုအပ်တဲ့အကာအကွယ်စနစ်များ (Protection System) အဖြစ် ကြေးကွင်းများ (Copper Earth Rings)၊ လိုင်းကြိုးများရဲ့အောက်ခံ ကြေးပြားများ (Copper Earth Bars)၊ တာဝါတိုင်များ၊ ဓာတ်တိုင်များ ထိပ်မှ ကာကွယ်မြေစိုက်ကြိုးစနစ် (Overhead Earthing System) တစ်နည်းအားဖြင့် Overhead Continuity Earth, သတ်မှတ် Earth Resistance ရရှိဖို့ကို လုပ်ငန်းဌာနရဲ့ ညွှန်ကြားချက်အတိုင်း တပ်ဆင်ဆောင်ရွက်ထားလျှင် ဓာတ်ကြိုး ပြတ်ကျ၊ ပြုတ်ကျပါက သက်ဆိုင်ရာ Transformer မှ Fuse ဟာ ပြုတ်ကျ၊ ပြတ်တောက်မည်သာဖြစ်လို့ ဓာတ်အားစီးဆင်းခြင်း ရှိတော့မှာ မဟုတ်ပါ။

ဓာတ်ကြိုး ကိုင်တွယ်မိခြင်း၊ တက်နင်းမိခြင်း စသည်တို့ ဖြစ်သည့်တိုင် ဓာတ်လိုက်မှု မဖြစ်ပေါ်နိုင်ပါလို့ သုံးသပ်လိုပါတယ်။ ဗို့အားမြင့် ကောင်းကင်ဓာတ်အားလိုင်း ဖြတ်ကျော်မှု စနစ်များတပ်ဆင်မှုမှာ လွန်စွာလိုအပ် အရေးကြီးပါတယ်။ ဥပမာ - ဗို့အားမတူတဲ့ ကောင်းကင် ဓာတ်ကြိုးများကို နှစ်ထပ်လိုင်း သွယ်တန်းခြင်း၊ ကန့်လန့်ဖြတ်ခြင်း၊ တယ်လီဖုန်း ကြေးနန်းကြိုးလိုင်းများ ရထားသံလမ်း ဖြတ်ကျော်သွယ်တန်းမှုများ၊ မော်တော်ကားလမ်း ဖြတ်ကျော်သွယ်တန်းခြင်းတို့အပြင် ကောင်းကင်ဓာတ်အားလိုင်း

အချို့ရဲ့ လုံခြုံမှုကိန်းနှင့် ခိုင်ခံ့မှု ပြုပြင်ထိန်းသိမ်းမှု အားနည်းမှုများကြောင့်လည်း မကြာခဏ ဓာတ်ကြိုးများ ပြတ်ကျ၊ ပြုတ်ကျခဲ့ရာမှ ဓာတ်လိုက်မှုများ ဖြစ်ပေါ်ခဲ့ရတယ်လို့ ဆွေးနွေးလိုပါတယ်။

ယနေ့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတဲ့ ဓာတ်အားကွန်ယက်စနစ်အတွင်းမှာ အဆိုပါ ကာကွယ်မှုစနစ်များကို လိုအပ်ချက်အတိုင်း ပြည့်ပြည့်စုံစုံ လုပ်ဆောင်ထားခြင်းမရှိ ဟု ယူဆပါတယ်။ အထူးသဖြင့် Overhead Continuity Earth Ring များကို 11 KV, 133 KV လိုင်းများမှာ မတွေ့ရှိရသလောက် ဖြစ်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လျှပ်စစ်ရုံးချုပ်မှ တိုင်း/ခရိုင်၊ မြို့နယ်များသို့ ဓာတ်ကြိုးပြတ်ကျမှု ကာကွယ်စနစ်များမှာ တပ်ဆင်အသုံးပြုရန် ထုတ်ပေးလိုက်တဲ့ ကြေးကြိုးခွေများ (Copper Coils) ဟာ ပြင်ပဈေးကွက်မှာ တန်ဖိုးကြီးမားတဲ့အလျောက် လေလွင့်မှုမရှိစေဘဲ သတ်မှတ်လုပ်ငန်းအတွက် အပြည့်အဝ အသုံးပြုတပ်ဆင်ရေးကိုလည်း အဆင့်ဆင့်ကြီးကြပ်ရန် လိုအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းလည်း ဆွေးနွေးလိုပါတယ်။ ဓာတ်တိုင်တစ်ခုတည်းမှ သို့မဟုတ် Transformer တစ်ခုတည်းမှ လျှပ်စစ်မီးကြိုးများ တပ်ဆင်သွယ်တန်းထားမှုကို ဆွေးနွေးလိုပါတယ်။ လက်ရှိ ကျင့်သုံးစနစ်အရ KVA မြင့်မားတဲ့ Transformer များ ဥပမာ - 500 KVA, 350 KVA, 300 KVA, 200 KVA စသည်တို့မှတစ်ဆင့် 400 V လိုင်းပေါ်မှာတင်ပြီးတော့ ဆားဗစ်ကြိုးများ၊ Service Wires များဖြင့် အိမ်များ၊ တိုက်ခန်းများသို့ ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်တိုင်တစ်ခုတည်းမှာ မီးကြိုးများ ရှုပ်ထွေးနေပြီး မြင်၍မကောင်း၊ ရှု၍မကောင်း ဖြစ်ပေါ်နေသည့်အပြင် ကြေးကြိုးများ SWG No.8, No.6, No.4 စသည် အကြောင်းအမျိုးမျိုးကြောင့် ပြုတ်ကျ၊ ပြတ်ကျမှုများ ဖြစ်ပေါ်ရန် လွယ်ကူတယ်လို့ သုံးသပ်လိုပါတယ်။

အမြင်ရှင်းလင်း လွယ်ကူစေရန်နှင့် ဆားဗစ်ကြိုးများကို အကွာအဝေးတို (Short Distance) ဖြင့် ဆက်သွယ် ချိတ်ဆက်ဓာတ်အား ဖြန့်ဖြူးနိုင်ပါက အသုံးပြုဓာတ်အားစိစစ်မှု Ampere လျော့နည်းပြီးတော့မှ ဓာတ်ကြိုးအတွင်း ခုခံမှု (Resistance) ပိုသေဖြစ်တဲ့အတွက် ဓာတ်အားပျောက်ဆုံးမှုများ (Unit Losses) သိသာစွာ ကျဆင်းမှာ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတာက KVA မြင့်မားနေရာတစ်ခုတည်းမှာ ထိုင်ထားမယ့်အစား အကွာအဝေး (၅၀၀) ပေ၊ (၆၀၀) ပေစီ စသည်ဖြင့် အရှည် (၉) မီတာ၊ (၁၀) မီတာ ရှိတဲ့ ကွန်ကရစ်ဓာတ်တိုင်များပေါ်မှာ 25 KVA, 50 KVA,100 KVA စသည်ကဲ့သို့ KVA နည်းတဲ့ ထရန်စဖော်မာ အသေးများကို မြေပြင်မှ လူများ လက်လှမ်းမမှီတဲ့ အမြင့်မှာ တင်ထားတပ်ဆင် အသုံးပြုသင့်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

မြို့ပြရပ်ကွက်အချို့မှာတော့ နေရာကွက်ပြီးတော့ အသုံးပြုတာ တွေ့ရှိကြရပါတယ်။ KVA မြင့်မားထရန်စဖော်မာကြီးများကို မြေပြင်တစ်နေရာ သို့မဟုတ် လူသွားစင်္ကြံဘေးမှာ ခြံခတ်ပြီးတော့ အုတ်ခုံပေါ်မှာ တည်ဆောက်နေရာယူထားခြင်းမှ လွတ်ကင်း၍ ပြည်သူများ သွားလာမှုလည်း အနှောင့်အယှက်ကင်းမည် ဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုထိလည်း လျှပ်စစ်အန္တရာယ် ကာကွယ်နိုင်မယ်လို့ သုံးသပ်လိုပါတယ်။ အဆိုပါ ထရန်စဖော်မာများ၊ ခြံဝင်းများအတွင်းမှာ မသိနားမလည်လို့ ဝင်ရောက်မိကြတဲ့ ကလေး၊ လူကြီးများလည်း အသက်ဆုံးရှုံးမှုများ ရှိခဲ့ကြတာ အများအပြား တွေ့ရှိရပါမယ်။ မီးကြိုးသွယ်တန်း ကွန်ကရစ်ဓာတ်တိုင်များကို အသုံးပြုနိုင်ခြင်း မရှိပါကလည်း သင့်လျော်သလို သီးခြား ကွန်ကရစ်ဓာတ်တိုင် (၂)တိုင်စင် (၄)တိုင်စင် စသည် သီးခြား တည်ဆောက်တင်ထားနိုင်ပါတယ်။

ဤကဲ့သို့ ကွန်ကရစ်ဓာတ်တိုင်များပေါ်မှာ အဆိုပါ ထရန်စဖော်မာများ တင်ထားပါကလည်း လေဒဏ်၊ မိုးဒဏ်နဲ့ ထရန်စဖော်မာ အလေးချိန်တို့ ခံနိုင်ရန်အတွက် ဓာတ်တိုင်များရဲ့ သတ်မှတ်အရည်အသွေး (Quality) ပြည့်မီ၍ အထူးသဖြင့် ကွေးညွတ်ခြင်း (Buckling) မဖြစ်ဖို့တော့ လိုမယ် ဖြစ်ပါတယ်။ ဤကျင့်သုံးစနစ်ကို Multi Transformer Installation System လို့သိရှိကြပြီးတော့ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှာ ကြာမြင့်စွာကတည်းက ကျင့်သုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင်လည်း အကြောင်းတစ်ရပ်ရပ်ကြောင့် အချိန်ပြည့် ဓာတ်အားဖြန့်ဖြူးနိုင်ခြင်းမရှိလို့ မီးပျက်လိုက်၊ မီးလာလိုက် အခြေအနေများမှာ မီးသုံးစွဲသူများရဲ့ မေ့လျော့ပေါ့ဆမှုများ၊ လျှပ်စစ်သုံးပစ္စည်း အမျိုးမျိုး၏ သတ်မှတ် အရည်အသွေးနှင့် စံချိန်စံညွှန်း မပြည့်မီမှုများ၊ ဝန်ကြီးဌာနမှ အသိအမှတ်ပြု လျှပ်စစ်ကျွမ်းကျင်သူများကို အသုံးမပြုမှုများ၊ လျှပ်စစ်စစ်ဆေးရေးအဖွဲ့များ၊ EI ၏ စစ်ဆေးရန် အားနည်းမှုများ စသည့် အဖက်ဖက်မှ လိုအပ်ချက်များကြောင့် လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်ခဲ့ကြရတာ ဆွေးနွေးလိုပါတယ်။ အချိန်ငဲ့ညှာသောအားဖြင့် ၎င်းနဲ့ပတ်သက်တဲ့ အသေးစိတ်များကို ဆက်လက်ဆွေးနွေးခြင်း မပြုပါတော့ကြောင်း ဆက်လက်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဥပဒေ၊ နည်းဥပဒေများကို ဆောင်ရန် ၊ ရှောင်ရန် များ စုံစေ့စွာဖြင့် ပြဋ္ဌာန်းပါရှိပြီးဖြစ်ရာ လက်တွေ့လိုက်နာကျင့်သုံးရာမှာ အဆင့်ဆင့် စီမံချက်ဖြင့် ကြပ်မတ်လုပ်ဆောင်ရန်သာ လိုပါတယ်။ လက်ရှိအချိန်မှာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့လည်း SWG No.4, No.6, No.8 စတဲ့ ကြေးကြိုးများ၊ Bare Copper Wire များရဲ့ ဈေးနှုန်းများကြီးမြင့်ခြင်း၊ အန္တရာယ်များခြင်း၊ မသမာမှုများပြုလုပ်နိုင်ခြင်း စသည်တို့ကြောင့် Insulated Conductor မီးကြိုး များဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်သွားရန် စီမံထားရှိကြောင်း သိရှိရလို့ ဝမ်းမြောက်စွာ ကြိုဆိုရမှာ ဖြစ်ပြီး ဓာတ်လိုက်မှုများကိုလည်း ထိရောက်စွာ ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအဆင့်၊ လုပ်ငန်းဌာန ရုံးချုပ်အဆင့်တို့မှာ ကျွန်တော် ရှေ့ပိုင်းမှာ တင်ပြဆွေးနွေးခဲ့တဲ့ Protection System များကို လိုက်နာခြင်း၊ Multi Transformer Installation System ကို ကျင့်သုံးခြင်း စသည်တို့ ဆောင်ရွက်ပါက ဓာတ်ကြိုး ပြုတ်ကျ၊ ပြတ်ကျမှုများကြောင့် လျှပ်စစ်အန္တရာယ် သိသိသာသာ လျော့နည်းကျဆင်းမှာ ဖြစ်တဲ့အပြင် ဆားဗစ်ဝိုင်ယာကြိုးများ တိုတောင်းမှုများကြောင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်း အထောက်အကူပြုမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစိုင်းကျော်ဇောသန်း ၏ အဆိုကို အပြုသဘောဖြင့် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ရှင်းလင်းဖြေကြားချက်များကိုလည်းပဲ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးရဲ့ လက်ထဲမှာ ကျွန်တော်တို့ ဖြန့်ဝေထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်က ဒီစာကို မဖတ်တော့ဘဲနဲ့ လိုအပ်တဲ့ပုံလေးတွေနဲ့ ဆောင်ရွက်မှုများကိုတော့ Power Point နဲ့ တင်ပြခွင့်ပြုပါ။

ကျွန်တော်တို့ လျှပ်စစ်အန္တရာယ် ဖြစ်တယ်ဆိုတာ ဘာကြောင့် ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်တိုင်ကိုက သိပါတယ်။ သိတဲ့အချက်တွေထဲမှာတော့ ကျွန်တော်တို့ တင်ပြပါအတိုင်း ဓာတ်ကြိုးတွေ ပြတ်ကျမယ်၊ လိုအပ်တဲ့ Clearance မရှိဘူး။ နိမ့်ကျမယ်။ ဒါဆိုရင်လည်း ဖြစ်မှာပါပဲ။ ဓာတ်အားသုံးစွဲတဲ့ အဆောက်အအုံတွေကို သွယ်ထားတဲ့ ဆားဗစ်ကြိုးတွေ ပေါက်ပြဲမယ်၊ ပြတ်ကျမယ်၊ အောက်ဝါယာ နဲ့ ထိနေမယ်။ Ground မကျဘူးဆိုရင်လည်း ဒါ ဖြစ်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကပဲ ဖြစ်စေ၊ အိမ်တွေကပဲ ဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံကပဲ ဖြစ်စေ၊ ကျွန်တော်တို့ အရည်အသွေးနိမ့်တဲ့ ပစ္စည်းတွေကိုသုံးမယ်ဆိုရင်လည်းပဲ ဒါဖြစ်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ လျှပ်စစ်ဆိုင်ရာကိစ္စတွေကို ကိုင်တွယ်ထိတွေ့ သုံးစွဲသူများ အသိနည်းတာရယ်၊ သတိပြုမှု၊ သတိထားမှု အားနည်းတာရယ် ဒီ (၄)ချက်က အားလုံးက ဖြစ်ပေါ်နေရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဘာလုပ်ရင်ရမလဲ တစ်ဆင့်ချင်း တင်ပြမှာ ဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြမယ့် တချို့အပိုင်းတွေသည် ဝန်ကြီးဌာနကိုယ်တိုင်ကကို တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပြီးတော့ တချို့အပိုင်းတွေကတော့ သက်ဆိုင်ရာ ပြည်သူတွေကိုယ်၌က လိုလိုလားလားနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမှသာလျှင် ကျွန်တော်တို့ စောစောက တင်ပြခဲ့တဲ့ လျှပ်စစ်အန္တရာယ်များကလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။

ပထမအဆင့် ကျွန်တော်တို့က Earth Wire များ တပ်ဆင်တယ်ဆိုတာ Overhead မှာ Earth Wire များ တပ်ဆင်တယ်ဆိုတာ ခေတ်ကာလတစ်ခုထိအောင် ရှိနေခဲ့ပြီးကာမှ ကာလတစ်ခုမှာ ဆောင်ရွက်မှု အားနည်းတဲ့ အတွက်ကြောင့်မို့လို့ တချို့ကိစ္စတွေမှာ ဒါတွေ မပါခဲ့တဲ့အတွက်ကြောင့်မို့ ဒါလည်း ဖြေရှင်းရမယ့်ကိစ္စ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Earth Ring, Earth Bar Link Connection ဆိုတာ ဒါလည်း စောစောက ကိုယ်စားလှယ်တော်ကြီး ဦးဖုန်းမြင့်အောင် ဆွေးနွေးသွားတဲ့ထဲမှာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ Earth ကသူက အော်တို ကျရမှာ ဖြစ်ပါတယ်။ အော်တိုကျဖို့အတွက် ဖန်တီးမပေးထားဘူးဆိုရင် ဒါဟာ ခုနက ပြောသလို ခန္ဓာကိုယ်ကို ဖြတ်စီးမှာ သေချာပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ထရန်စဖော်မာတွေမှာ ကျွန်တော်တို့ ထရန်စဖော်မာရဲ့ အထွက်မှာကိုပဲ ကျွန်တော်တို့ Breaker တို့ Fuse တို့ကနေပြီးတော့ တစ်ခုခုဖြစ်ပြီဆိုလို့ရှိရင် ထရန်စဖော်မာ Ground ချထားတဲ့အတွက်ကြောင့်မို့ Breaker, Fuse က တစ်ခါတည်း ပြုတ်ကျသွားရမှာ ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော် နောက်ပိုင်းမှာ ပစ္စည်းတွေ အရည်အသွေးပိုင်းမှာ တင်ပြမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Service Wires ကြိုး သွယ်တန်းတဲ့နေရာမှာ အန္တရာယ်ကင်းရှင်းအောင် စနစ်တကျဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီ Service Wires ကြိုး ဆိုတာကတော့ များသောအားဖြင့်တော့ Insulated Cable တွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အပြင်မှာ ရာသီဥတုမျိုးစုံနဲ့ အိမ်တွေထိ ရောက်အောင်ဆွဲထားတဲ့ ကိစ္စဟာ သက်ဆိုင်ရာ အိမ်ရှင်၊ စက်ရုံ၊ အလုပ်ရုံရဲ့ ကုန်ကျစရိတ်နဲ့ပဲ ဒါကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးတဲ့နေရာမှာတော့ ကျွန်တော် ဝန်ကြီးဌာနကနေ ကြီးကြပ်တဲ့အပြင်မှာ EI ကနေပြီးတော့ လတ်မှတ်ရရှိထားတဲ့ ပုဂ္ဂိုလ်တွေကပဲ ဒါကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်၊ အိမ် စသည်တို့က ကျွန်တော်တို့ အိမ်ပေါက်စေ့ လျှပ်စစ်ကြိုးရဲ့ အန္တရာယ်ကို လိုက်ကြည့်ဖို့အတွက်က အခက်အခဲနည်းနည်းရှိတော့ သက်ဆိုင်ရာ ပြည်သူတွေကသာ ပူးပေါင်းပါဝင်ပြီးတော့ သူတို့က လိုလိုလားလားနဲ့ လဲပေးပါလို့ ပြောလာရင် ကျွန်တော်က ဝန်ဆောင်မှုကို ချက်ချင်း အမြန်ဆုံးလုပ်ပေးနိုင်တဲ့အထဲမှာ ဒီတစ်ချက် ပါရှိမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ရထားလမ်း၊ ကားလမ်း၊ လမ်းကျော်၊ လမ်းကူး၊ ဈေး၊ ကျောင်း လူစည်ကားရာဒေသတွေမှာ ကျွန်တော်တို့က ဓာတ်အားလိုင်းတွေကို အောက်ကနေပြီး တစ်ခုခု ဖြစ်လို့ရှိရင် ခံထားနိုင်တဲ့လို့ပဲ ကျွန်တော် လွယ်လွယ်ပြောနိုင်ပါတယ်။ ပခတ်ကြိုးတွေ တပ်ဆင်ထား ရင်လည်း ဒါ အန္တရာယ်ကင်းရှင်းရေး အခြေခံအချက် ဖြစ်ပါတယ်။ နောက်တစ်ခုက ဗို့အားမနိုင်တဲ့ လိုင်းကြိုးတွေကို အသစ်လဲလှယ်ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့က မူလသွယ်တန်းစဉ် ကတော့ ဝန်အားတွေက နိုင်ကြပါတယ်။ ဒါပေမဲ့ ကာလတစ်ခုရောက်တဲ့အချိန်မှာ ကျွန်တော် Developed ဖြစ်လာတဲ့ရပ်ကွက်၊ လူဦးရေ ထူထပ်လာတဲ့ရပ်ကွက်၊ ဒါမှမဟုတ် စက်ရုံ၊ အလုပ်ရုံတွေ တိုးချဲ့လာတဲ့ နေရာမျိုးတွေမှာ ချက်ချင်း ဒီကြိုးတွေကို မလဲနိုင်ခင်မှာ ဒီကြိုးတွေရဲ့ ခံနိုင်ဝန်သည် မရှိတော့တဲ့အတွက်ကြောင့် ပြတ်ကျတာတွေဟာလည်း ဒါအခု တွေ့ရှိနေတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဓာတ်အားလိုင်းနဲ့ မလွတ်ကင်းတဲ့ သစ်ကိုင်းတွေပဲ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့က ဝန်ကြီးဌာနဘက်က တာဝန်ရှိသလို ဒီဘက်ကလည်းပဲ ပြည်သူတွေကိုယ်၌ကလည်းပဲ လိုလိုလားလားနဲ့ အသိလေးပေါ့။ ကျွန်တော်တို့ လျှပ်စစ်အန္တရာယ် အသိလေးနဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးက စည်ပင်ကပဲဖြစ်ဖြစ်၊ လျှပ်စစ်ကပဲဖြစ်ဖြစ် လာပြီးခုတ်တယ် ဆိုလို့ရှိရင် သူတို့က ပူးပေါင်းပါဝင်မှုလေးတွေ ရှိလာတယ်ဆိုရင်ပဲ၊ တစ်ဝက်လောက် အလုပ်ပြီးနေတဲ့ သဘော ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ နှစ်ကဆိုရင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီကနေစပြီး ရန်ကုန်တိုင်း တစ်တိုင်းလုံးမှာ အပတ်စဉ် မီးဖြတ်တောက်ပြီးတော့ မြို့နယ်အပိုင်းအပိုင်းနဲ့ မီးဖြတ်တောက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရတာ နှစ်ပေါင်းများစွာရဲ့ လုပ်ငန်းတွေအားလုံးကို ဒါ ဦးစားပေးအဖြစ်နဲ့ ဒီကိစ္စကို ကျွန်တော် ဆောင်ရွက်ခဲ့တာ အများကြီး Improve ဖြစ်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ ဗို့အားနိမ့်လိုင်းများ Insulated ကြိုးများဖြင့် ပြုပြင်ပြောင်းလဲ သုံးစွဲခြင်း ဖြစ်ပါတယ်။ ဒါ အခု ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ဆွေးနွေးသွားသလိုပါပဲ။ ကျွန်တော်တို့အနေနဲ့ နောက်ထပ် အသစ်လုပ်တဲ့ကိစ္စ တွေမှာ Insulated နဲ့ပဲ လုပ်မယ်လို့ ပြောပြီးတော့ အခု စပြီးဆောင်ရွက်နေပါပြီ။ ဒီနေရာမှာလည်း ကျွန်တော်တို့က သက်ဆိုင်ရာ မီးလင်းရေးကော်မတီက လုပ်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတွေမှာလည်းပဲ မီးလင်းရေးကော်မတီနဲ့ပတ်သက်ပြီး အသိတွေ အများကြီး ရှိကြပါတယ်။ အဲဒီတော့ မိမိတို့ဒေသတွေကို ပြန်ရောက်တဲ့အခါမှာလည်းပဲ ဒီ Insulated Cable ကို သုံးတာကို လိုလိုလားလား ထောက်ခံပေးဖို့ ကျွန်တော်တို့က ကုန်ကျစရိတ်ကို

သိပ်သက်သာအောင်လုပ်ခဲ့ရင်လည်း နောင်တစ်ချိန်မှာ ပြဿနာဖြစ်မယ်ဆိုတာလည်း သူတို့ကိုလည်း ကြိုးစားပြီးတော့ အသိပညာလေး ပေးပေးပါ။

ကျွန်တော်တို့ဘက်ကလည်းပဲ ကျေးရွာအရောက် ပြောစရာရှိတာတွေပြော၊ မှာစရာရှိတာတွေ မှာသွားမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့က မီးလင်းရေးကော်မတီရဲ့ကိစ္စတွေမှာ ကျွန်တော်တို့က နင်ပဲငဆ ဒီဈေးကြီးမယ့် အကြောင်းအရာတွေကို ကျွန်တော် သိပ်ပြောနေလို့ရှိရင် သူတို့ မီးသုံးစွဲရတာ ခက်ခဲနေမှာစိုးလို့ အချို့ဟာတွေ လျှော့ပေါ့ပြီးတော့ ပြောဆိုနေခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီအသိပညာပေးခြင်းက ကျွန်တော်တို့ကတော့ မူလအခြေခံလေးတွေကတော့ သူတို့ ကျောင်းသားလေးတွေကအစ ရှိပြီးသား ဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်ဓာတ်မလိုက်တော့ ဓာတ်လိုက်တယ်ဆိုတာ ဘာလဲဆိုတာ မသိတဲ့အချိန်မှာ ဒါစမ်းမိ၊ လုပ်မိ၊ ကိုင်မိ မသိလိုက်တဲ့အချိန်မှာ လူ့အသက်ပါ ဆုံးရှုံးသွားတဲ့အဆင့် ဖြစ်ခြင်း ဖြစ်ပါတယ်။ ဒါလေးတွေအားလုံးကို ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်လေးတွေ၊ ဝန်ကြီးဌာနက ဆောင်ရွက်ချက်လေး တွေကို ကျွန်တော် နောက် Slide မှာ တင်ပြသွားမှာ ဖြစ်ပါတယ်။ စောစောက တင်ပြသွားတဲ့ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်တဲ့အထဲမှာ Earth Bar တွေ တပ်ဆင်တယ်ဆိုတာ အခု ကျွန်တော်တို့ အတတ် နိုင်ဆုံး မြို့တိုင်း မြို့တိုင်းမှာ လူစည်ကားရာနေရာကနေစမယ်ဆိုပြီးတော့ ဒီ Earth Ring တွေကို ကျွန်တော်တို့ တပ်နေပါပြီ။ Earth Bar တွေကိုလည်း တပ်နေပါပြီ။ Earth Bar ပေါ် ကျရင်လည်း ဒါ Earth ကျရမှာ ဖြစ်ပါတယ်။

အဲဒီတော့ Earth ကျတယ် မကျဘူးဆိုတာထိကို ကျွန်တော်တို့ တောက်လျှောက်လိုက်ပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ Earth Ring ကလည်း ဒီအတိုင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ Link Connection ဖြစ်ပါတယ်။ ဒါ ကျွန်တော် Sketch ဆွဲပြတာဖြစ်ပါတယ်။ နောက်ထပ် Slide ကျလို့ရှိရင် အဲဒီ ဆောင်ရွက်နေတဲ့ပုံကို တင်ပြမှာ ဖြစ်ပါတယ်။ ဒီ Link Connection က Insulated Cable လေးတွေနဲ့ Link လုပ်တာ ဖြစ်ပါတယ်။ တစ်ကြိုးပြတ်ကျသွားဦးတော့ နောက် နှစ်ကြိုးက သူ့ကို ထိန်းထားနိုင်တာ ဖြစ်ပါတယ်။ ဒီကြိုးတွေရဲ့ မ နိုင်တဲ့ Capacity ဟာလည်း အနည်းဆုံး 300 KG 300 KG ဆိုတာ ကျွန်တော်တို့ ဘိလပ်မြေတစ်အိတ်ဆိုရင် 50 KG ရှိပါတယ်။ (၆)အိတ်လောက် နိုင်တဲ့အတွက် ကြောင့်မို့ ဒီကြိုးလေးတစ်ချောင်းအစလေးက ပြတ်ကျလိုက်ပေမယ့် ဘိလပ်မြေ(၆)အိတ် မရှိပါဘူး။ ဒီဟာကို သူဖမ်းထိန်းထားနိုင်မှာ ဖြစ်ပါတယ်။

ဒါ ကျွန်တော်တို့ အပေါ်ကလိုင်းက 11 ဖြစ်ပြီးတော့ ဒုတိယလိုင်းက 400 ဆိုပြီးတော့ ကျွန်တော် Sketch ဆွဲထားခြင်း ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုလည်း ဒီနည်းပညာအတိုင်း ပစ္စည်းသာ ပြောင်းလဲသွားမယ် လုပ်တဲ့စနစ်တွေကတော့ အတူတူပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် နမူနာတင်ပြရခြင်း ဖြစ်ပါတယ်။ ဒါ Link လုပ်ထားတာ Insulation လေးတွေနဲ့ Link လုပ်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဆားဗစ်ကြိုးတွေ လဲတဲ့ကိစ္စ။ ခုနက ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဒီနှစ်ထဲ မှာဆိုရင် ရတဲ့ဘတ်ဂျက်နဲ့ ကြိုးစားပြီးတော့ ဝန်ထမ်းတွေကို ကျွန်တော်တို့က စည်းရုံးပြီးတော့ အိမ်တိုင်ရာရောက် ကုန်ကျစရိတ်နဲ့လုပ်နိုင်အောင် စည်းရုံးပါတယ်။ စည်းရုံးပြီးတော့ မီးသုံးစွဲသူတွေ လဲချင်အောင်၊ လဲချင်အောင်ဆိုတာ မိမိအကျိုးစီးပွားအတွက် သူတို့အကျိုးစီးပွားအတွက် ကျွန်တော်တို့က

ဦးစားပေးဆောင်ရွက်တယ် ဆိုတဲ့ဟာကိုလည်း ပီပြင်အောင်ဖော်ပြပြီး လိုက်လံဆောင်ရွက်ပေးနေတာ ရှိပါတယ်။

ဒါ ရန်ကုန်တိုင်းဒေသကြီးမပါပဲနဲ့ ပြီးခဲ့တဲ့ မတ်လကနေစပြီး ပွင့်လင်းရာသီကနေစပြီးတော့ ဆောင်ရွက်ခဲ့တာ အခု ဒီအတိုင်းပဲ တွေ့ရမှာ ဖြစ်ပါတယ်။ တစ်သိန်းကျော် တစ်သိန်းပတ်ဝန်းကျင်လောက် ပြီးနေပြီ ဖြစ်ပါတယ်။ ဒါကလည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်၊ သက်ဆိုင်ရာ ကျေးရွာ၊ သက်ဆိုင်ရာ အိမ်ထောင်စု တွေ ကနေပြီး လိုလိုလားလားဖြစ်လာမှ ကျွန်တော်တို့ ဒါ မလိုလားရင်လည်း သူတို့ မီးဖြတ်ပစ်မယ်လို့ ပြောပြန်ရင်လည်း တစ်ဖက်ကလည်းပဲ ဆွေးနွေးတဲ့အခါမှာ သူတို့ လုပ်ချင်အောင် တစ်ဖက်ကလည်းပဲ ဆွေးနွေးနေရတဲ့ သဘောရှိပါတယ်။ ဒါ ကျွန်တော်တို့ ခုနတုန်းက မလွတ်ကင်းတဲ့ ဓာတ်အားလိုင်းတွေကို ရှင်းလင်းနေတဲ့ အခြေခံအချက် ဖြစ်ပါတယ်။

ဒါကတော့ စောစောက တင်ပြခဲ့တဲ့ ဗို့အားနိမ့်လိုင်းတွေမှာ Insulated ကြိုးနဲ့ ပြောင်းလဲခြင်း ဆိုတာ ကျွန်တော်တို့ ဓာတ်တိုင်လေးမှာ မြင်နေရတာ မီးလုံး ထွန်းထားတာ မဟုတ်ပါဘူး။ သူက Triangle လေးပါ။ ကျွန်တော်တို့ Hanging လုပ်ထားပြီးမှ တိုင်ကနေ အတက်လေးထုတ်ပြီးတော့ ရှေ့ကို ကျွန်တော်တို့က မီးချောင်းထွန်းထားတဲ့ပုံစံလေး နဲ့ ရှေ့ထုတ်ထားပြီးတော့ အောက်မှာ ကျွန်တော်တို့ ကြိုး ၃ ချောင်းကို ကျွန်တော်တို့က 3 Phase ဆိုရင်လည်း 3 Phase ပေါ့။ ကျွန်တော်တို့က Insulated နဲ့ Link လုပ်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဘာကောင်းသွားလဲ ဆို ကျွန်တော်တို့က ကြိုးတွေအများကြီးကို Cross Hanging နဲ့ အိမ်တွေဘက်ထိတောင်မှ ရောက်ရှိလာတဲ့ ဒုက္ခကို ကင်းသွားပြီးတော့မှ လမ်းဘက် မှာပဲ တစ်ခြမ်းပဲ သူက ဒီကြိုးရဲ့ ဝိတ်ကို ထမ်းရတော့မှာ ဖြစ်ပါတယ်။

ကျွန်တော် တင်ပြတဲ့ဟာကတော့ တကယ် ရန်ကုန်မြို့မှာ တကယ် ဆောင်ရွက်နေပြီဆိုတဲ့ အကြောင်းကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပြည်သူတွေ အသိပညာပေးတာ ဖြစ်ပါတယ်။ ပြည်သူတွေ အသိပညာပေးတာကတော့ Slide ထဲမှာ ဖော်ပြထားတဲ့ (၁)ချက်ပဲ ဒီ အသိပညာပေး (Pamphlet) လေးကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်မှာ အဲဒါမျိုး (၂)ချက် (၃)ချက်လောက် ရှိပါတယ်။ လူတွေ စိတ်ဝင်စားအောင်လို့ နည်းမျိုးစုံနဲ့ ရေးသားပြီးတော့မှ ပုံလေးတွေနဲ့ပါ အသိပညာ ပေးတဲ့ Pamphlet လေးတွေ အများကြီး မြို့တိုင်း၊ နယ်တိုင်းမှာ ဆောင်ရွက်ပေးပြီးလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က လူစည်ကားရာ ဒေသတွေဆိုလို့ရှိရင် နွေရာသီတုန်းက ဖြစ်သွားတဲ့ကိစ္စ တွေက နည်းနည်းများသွားတော့ ကိုယ်ကကိုပဲ တတ်နိုင်သမျှ ဝန်ထမ်းတွေကို ရုံးထဲက ထုတ်ပြီးတော့ သက်ဆိုင်ရာ မြို့နယ်ရဲ့ အဓိကကျတဲ့နေရာတွေမှာ ကျွန်တော်တို့ Pamphlet တွေကို လိုက်ဝေတဲ့ အဆင့်ထိအောင် လုပ်ပါတယ် ဒါ တစ်ချက်ပါ။ နောက်တစ်ချက်က လူစည်ကားရာ နေရာတွေမှာ Billboard လေးတွေ လိုက်ထောင်တယ်။ ဒါလေး တစ်ဖက်တစ်လမ်းကနေပြီးတော့ အသိပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါလည်း ကျွန်တော်တို့က တချို့ ဘုန်းကြီးကျောင်းတွေမှာ သွားပါတယ်။ ဓမ္မာရုံတွေမှာ သွားပါတယ်။ ရွာက လူတွေကို အားတဲ့အချိန်လေးမှာ ဖိတ်ပြီးတော သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ စသဖြင့် သူတို့က အပေါ်က ပုံလေးဆိုရင် ဓမ္မာရုံထဲ မှာ ခေါ်ပြီးတော့ သူတို့ကို ပုံစံကားချပ်လေးတွေနဲ့ ရှင်းပြတာပါ။ အောက်ကတော့ စာသင်ကျောင်း တွေမှာ ဒီကိစ္စကို သွားပြီးတော့ ရှင်းပါတယ်။ ကလေးတွေကိုလည်း လက်ထဲမှာ Pamphlet တွေကို တစ်ခုချင်းစီဝေပြီးတော့ သူတို့ကို ရုပ်ပြလေးတွေနဲ့ ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်

ပါတယ်။ ဒါကတော့ ကျွန်တော်တို့ကိုယ်တိုင် လုပ်နေတဲ့ လုပ်ငန်းတွေပေါ်မှာလည်းပဲ ပြည်သူတွေ စိတ်ဝင်တစား ဖြစ်လာဖို့အတွက် သတင်းစာ မီဒီယာတွေထဲမှာလည်း ကျွန်တော်တို့ ဒါလေးကို ဖော်ပြထားတာ ရှိပါတယ်။ နောက်တစ်ခုကတော့ ရုပ်မြင်သံကြားအစီအစဉ်မှာ ဇာတ်လမ်းတိုလေးတွေလည်း ကျွန်တော်တို့က တင်ပြလျက်ရှိပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြည်သူတွေ လျှပ်စစ်အန္တရာယ် မကျရောက်ဖို့ အတွက်လည်း ဝန်ကြီးဌာနအနေနဲ့ စေတနာအနေနဲ့ လိုက်လံဆောင်ရွက်ပေးနေသလို မိမိရဲ့ဝန်ထမ်းတွေကိုလည်း စောစောက ဦးဖုန်းမြင့်အောင် တင်ပြတဲ့အထဲမှာ ပါ ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကိုယ့်ရဲ့ သားသမီးတွေဖြစ်တဲ့ ဝန်ထမ်းတွေကို သေစေလိုတဲ့ဆန္ဒ မရှိပါဘူး။ ဒါကတော့ ဘယ်လိုနည်းနဲ့မှမရှိဘူးဆိုတာလည်း ကျွန်တော်တို့ကသိပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေက မိဘက ဘယ်လောက်ချမ်းသာလဲ၊ မိဘက ဘယ်လောက် နားလည်လဲ ဆိုတဲ့ အပေါ်မှာပဲ အခြေခံပြီးတော့ သားသမီးတွေရဲ့ ပညာရေး ကျန်းမာရေး ဖွံ့ဖြိုးသလိုပဲ သူတို့ရဲ့ဘဝတွေကိုလည်း ကျွန်တော်တို့ကို ပုံအပ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း အတတ်နိုင်ဆုံး မိမိရဲ့ရှိတဲ့အထဲကနေပြီးတော့မှ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ဖို့အတွက် ပစ္စည်းလေးတွေ လက်သုံးကိရိယာလေးတွေ ကျွန်တော်တို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ မတိုင်ခင်လေးမှာ နည်းနည်းဖြည့်ပြောချင်တာကတော့ ဒီလို ဖြစ်နေတဲ့ ကိစ္စတွေက (၃)ချက် ရှိပါတယ်။ တစ်ချက်ကတော့ ဘာပဲဖြစ်ဖြစ် Man Materials နဲ့ Man ထဲမှာ Skill ဆိုတဲ့ ဟာလေး ထည့်ချင်ပါတယ်။ နောက်တစ်ခုကတော့ ငွေကြေး (Money) ပေါ့။ ဒီ(၃)ခု ပြည့်စုံဖို့ လိုပါတယ်။ နှစ်ပေါင်းများစွာ ကြာမြင့်အောင် ဖြစ်လာခဲ့တဲ့ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုတွေပေါ့။ နွေရာသီဆိုရင် မီးမလာတော့ဘူး (၄)ရက်မှာ(၁)ရက်ပဲရတယ်။ ရတော့လည်း Voltage က မပြည့်ဘူး။ ဒီဒုက္ခတွေအားလုံးကို ပြီးခဲ့တဲ့ နွေရာသီမှာ သက်သေပြလိုက်တယ်။ ကျွန်တော်တို့ဘက် ကလည်း အတတ်နိုင်ဆုံး ဓာတ်အားထုတ်လွှင့်မှုပိုင်းတွေမှာ အားသွန်ခွန်စိုက် စက်တွေ မပျက်ရေး၊ မီးတွေ ပိုထွက်လာရေး၊ ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးတော့လုပ်တဲ့အချိန်မှာ တစ်ဖက်က Unbalance ဖြစ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီ Unbalance က ဘာလဲဆိုတော့ ကျွန်တော်တို့က တစ်ဖက်က ထုတ်လုပ်မှုပိုင်းကို သွားပြီးတော့ ဖိပြီးတော့ အာရုံစိုက်တဲ့အချိန်မှာ တစ်ဖက်က Main Transmission လိုင်းကြီးတွေတောင်မှ အိကျတာကို တွေ့ရပါတယ်။ ဒါကတော့ 230 KV Transmission လိုင်းကြီးတွေ အိကျလာတဲ့ အဆင့်ထိအောင် ရှိပါတယ်။

နောက်ဆုံးအချက်ကတော့ ဒီဟာတွေကတော့ ဝန်ခံနိုင်သေးတယ် ဆိုပေမယ့် အောက်က ပြည်သူတွေဆီကို မီးသွားပေးတဲ့အချိန်မှာ ရန်ကုန်မှာ ကျွန်တော်တို့ ဟိုနား Transformer တွေ ပေါက်လိုက်၊ ဒီနား Transformer တွေ ပေါက်လိုက်နဲ့ တချို့ဆိုရင် မပေါက်ဖူးတဲ့ Transformer မရှိဘူးလို့လည်း ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘယ်လို ဖြစ်လဲ ဆိုတော့ ဒီ Transformer တစ်လုံးဟာ သူက သူ့ရဲ့ Capacity ရှိပါတယ်။ 315 KVA ဆိုရင် 315 KVA မပြည့်လို့ရှိရင် မပေးနဲ့တော့ ရပ်လိုက်တော့ နောက်ထပ် 500 KVA နဲ့လဲ လဲပြီးတော့မှ ဒီမီးကို ပြန်ပေးရမယ့်သဘော ရှိပါတယ်။ အဲဒါတွေကို အားလုံးကို ရုံထားနိုင်တဲ့၊ ဆောင်ထားနိုင်တဲ့ ချမ်းသာကြွယ်ဝမှုကလည်း ဒါ ကျွန်တော်တို့ လိုအပ်ပါတယ်။

နောက်တစ်ခုကတော့ ပညာရပ်ပိုင်းဆိုင်ရာပေါ့။ ပညာရပ်ပိုင်းဆိုင်ရာမှာလည်း ဘာတင်ပြချင်လဲ ဆိုတော့ ကျွန်တော်တို့တွေ တကယ်တမ်းကျတော့ အောက်ခြေမှာလုပ်ရတဲ့ ကလေးတွေက ကျွမ်းကျင်မှုရှိဖို့ လိုပါတယ်။ အပေါ်ကကြီးပဲ ပါးစပ်က ပြောပြီးတော့ လက်ညှိုးထိုးနေလို့ မဖြစ်ပါဘူး။ တကယ်တမ်းကျတော့ အပေါ်က ခာတ်လိုက်တာ မဟုတ်ပါဘူး။ အောက်ခြေက လုပ်တဲ့ ကလေးက ခာတ်လိုက်တာ ဖြစ်ပါတယ်။ အဲဒီကလေးတွေကို မွေးထုတ်တဲ့ ကာလတစ်ခု ကျွန်တော်တို့ဆီမှာ ချို့ယွင်းအားနည်းတဲ့ ကာလကြီးတစ်ခုကို ဖြတ်ကျော်ခဲ့တာ ဖြစ်ပါတယ်။ ကျွမ်းကျင်သော လုပ်သားကောင်းများ ပေါ်ထွက်ရေးဆိုတဲ့ ကျောင်းတွေ ပျောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တာ်တို့က ဘာဖြစ်နေတာလဲ ဆိုတော့ အပြင်ကနေ ပုဂ္ဂလိက လုပ်ချင်တဲ့ လူတွေကို ခေါ်ပြီးတော့မှ ဝန်ထမ်းလေးတွေကို ခေါ်၊ ခေါ်ပြီးတော့မှ ဒီဟာလေးတွေကို ကဲ မင်းတို့ ဒီလိုလုပ် ဒီလိုလုပ် ဆိုပြီးတော့ စပြီးတော့ သင်တဲ့အခါမှာ ကျွန်တော်တို့က သင်တန်းပေးပါတယ်။ Training ပေးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က လိုပါတယ်။ ဒီလောက်နဲ့လည်း ကျွန်တော်တို့ သူတို့ကို လုပ်လို့ မရပါဘူး။

နောက်တစ်ခုကတော့ ကျွန်တော်တို့က တကယ်လိုအပ်တာက ယောကျ်ားလေး ဖြစ်ပါတယ်။ ယောကျ်ားလေးအင်အား များသောအားဖြင့်တော့ ဈေးကွက်စီးပွားရေးစနစ်မှာ ကုမ္ပဏီတွေက ယောကျ်ားလေးအင်အားတွေကို ဈေးကောင်းပေးပြီးတော့ ခေါ်နေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေကိုလည်း ဒီလိုကြီး ဈေးကောင်းပေးလိုက်လို့ မရတဲ့ အကန့်အသတ်လေးတွေ ကျွန်တော်တို့မှာ ရှိနေပါတယ်။ ဆိုလိုတာကတော့ အိမ်ထောင်ဦးစီးတွေ ဖြစ်ပါတယ်။ ယောကျ်ားလေးတွေဟာ အများစုက ခာတ်တိုင်တက်တယ်၊ ခာတ်ကြိုးဆွဲတယ်၊ လုပ်တယ် ကိုင်တယ် ဆိုတာ မိန်းကလေး လုပ်လို့ မရတဲ့အတွက်ကြောင့် သူတို့သည် Follower မဟုတ်ဘဲနဲ့ Leader များ ဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ထိုက်သင့်တဲ့ ထောက်ပံ့မှု ထိုက်သင့်တဲ့ ပြည့်စုံတဲ့ နောက်ပြန်လှည့် မကြည့်ရအောင် ကြိုးစားချင်တဲ့ စိတ်ရှိဖို့ ပေးဖို့လည်း Insensitive တွေ လိုပါတယ်။ ဒါလည်း ကွင်းထဲမှာ ဆွေးနွေးညှိနှိုင်းတဲ့အဆင့် ရှိပါတယ်။ နောက်သူတို့ကိုလည်း လိုအပ်တဲ့ပစ္စည်း Equipment တွေ မတပ်ဆင်ဘဲနဲ့လည်း မဖြစ်ပါဘူး။ အဲဒီတော့ လိုအပ်တဲ့ Equipment ပစ္စည်းတွေကိုလည်း ကျွန်တော်တို့က နိုင်ငံခြားပစ္စည်းလေးတွေကို သူတို့ သုံးနိုင်အောင် ကြိုးစားပြီးတော့ ဖြည့်ဆည်းပေးဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုကတော့ ပစ္စည်းကောင်း ရရှိရေးဆိုတာ ဖြစ်ပါတယ်။ ဒီ ပစ္စည်းကောင်းရရှိရေးဆိုတာ အချိန်ကာလတစ်ခုတုန်းက ဘယ်လိုဖြစ်ခဲ့တယ် ငွေကြေးရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ အမြန်ဆုံး လိုင်းဆွဲတဲ့ကိစ္စတွေကို အကောင်အထည် ဖော်ခဲ့တဲ့အချိန်မှာ တစ်ဖက်က ကျွမ်းကျင်မှုပိုင်းဆိုင်ရာတွေ ကျလာတာ ဖြစ်ပါတယ်။ လွန်ခဲ့သော ကာလတစ်ခု ဆယ်စုနှစ် (၂)ခု (၃)ခု ဟိုဘက် အရှေ့ဘက်တုန်းက ဆိုရင် တော်ရုံတန်ရုံ ဆိုလို့ရှိရင် ကျွန်တော်တို့ ခွင့်မပြုပါဘူး။ တော်ရုံတန်ရုံ ဆိုလို့ရှိရင် ခာတ်တိုင်ဆိုလို့ ရှိရင် သစ်သားတိုင် ခွင့်မပြုပါဘူး ဆိုတာတွေ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကာလတစ်ခုမှာ ဒါတွေသာ တစ်အားတင်းကြပ်နေရင် ပြည်သူတွေ အမြန် မီးရချင်ပါတယ် ဆိုတဲ့စေတနာက တကယ့်စေတနာက ဒီပြည်သူတွေထဲကို မရောက်နိုင်ဘူး ဖြစ်နေပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လျှော့ပေါ့ပေးခဲ့တာတွေ အများကြီး ရှိပါတယ်။ အချိန်ကို မြန်အောင် လုပ်ခဲ့တာတွေ ပစ္စည်းကို လျှော့ပြီးတော့ ငွေကြေးသက်သာအောင် လုပ်ခဲ့တာတွေ ဒါတွေလည်း ရှိပါတယ်။ ဒါတွေ ကျွန်တော်တို့က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဒီပေါ်ကနေ ဘာရသလဲဆိုတော့ ဒုက္ခတွေပဲ နောက်ဆုံးဘိတ် ရလိုက်တာ ဖြစ်တယ်။ ဒီဒုက္ခတွေ အားလုံးကို ဒီက ရှေ့လျှောက်မရစေရဘူး စိတ်နဲ့ ကနေ့လည်းပဲ ကျွန်တော် အဲဒါကို တင်ပြဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့ သုံးမယ့်ပစ္စည်းတွေ အခုဆိုရင် Procurement System နိုင်ငံတော်အစိုးရအဖွဲ့ကလည်း ဆုံးဖြတ်ချက်နဲ့ ညွှန်ကြားထားတာ ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ အရင်တုန်းက ဈေးသက်သာတာ ယူခဲ့တဲ့ ဒုက္ခတွေဟာ ကနေ့ အရေးကြီးတဲ့ဌာနတွေမှာ ဒုက္ခကောင်းကောင်း တွေ့နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့သည် Procurement System မှာ Technical နဲ့ Financial ကို နှစ်ခုခွဲလိုက်ပါပြီ။ Technical ကို ကျွန်တော်တို့ ပိုပေးလိုက်ပါပြီ အမှတ်ကို။ အဲဒီမှာ Financial ကတော့ သူပစ္စည်းချင်းတူလို့ရှိရင် ဈေးသက်သာတဲ့လူပဲ ရမှာ ဖြစ်ပါတယ်။ အဲဒါကိုလည်း အမှတ်ပေးစည်းမျဉ်းများ (Scoring Method) နဲ့ ရွေးချယ်တဲ့အတွက်ကြောင့်မို့လို့ အခုဆိုရင် ကျွန်တော်တို့က နာမည်ကြီး Brand တွေ နာမည်ကြီး နိုင်ငံတွေက ပစ္စည်းတွေကို မှာယူပြီးတော့မှ ဓာတ်အားလိုင်းတွေ လိုင်းဆွဲတဲ့ကိစ္စတွေ၊ Transformer တွေ၊ နောက်တစ်ခါ Switches တွေ ဆောင်ရွက်နေပြီဆိုတဲ့အကြောင်းကို ကျွန်တော်တို့ သတင်းစာထဲမှာ ထုတ်ပြန်ပြီးတော့မှ လိုအပ်ချက်တွေ Procurement တွေ ခေါ်နေတဲ့အချိန်တွေရဲ့ အားလုံးဟာ ကျွန်တော်သည်ပင်လည်းပဲ ဒုတိယဝန်ကြီး (၂)ယောက်ရှိတဲ့အထဲမှာ ကျွန်တော်တို့ တင်ဒါရွေးချယ်ရေး ကော်မတီမှာ ဥက္ကဋ္ဌများ ဖြစ်ပါတယ်။ ကျွန်တော် လုံးဝအလျှော့မပေးပါဘူး။ ဒီကိစ္စကို လျှော့လိုက်ခြင်း အားဖြင့် ဖြစ်လာတဲ့ ဒုက္ခတွေကို ကိုယ်ပဲ ခံရမှာ ဖြစ်ပါတယ်။ ပြည်သူတွေပဲ ခံရမှာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တို့ တင်ပြလိုပါတယ်။ ဒီတော့ ဘာဖြစ်လာလဲဆိုတော့ ဒီပစ္စည်းတွေ ဒီလောက်ကောင်းရင် ဒီဈေးတော့ ပေးရမှာပေါ့လို့ ကိစ္စက ကြုံမှာဖြစ်ပါတယ်။ ခုနတုန်းကလည်းပဲ ကိုယ်စားလှယ်တော်ကြီးတစ်ဦး ပြောသွားတဲ့အထဲမှာလည်း ပါ ပါတယ်။ ပစ္စည်း ကောင်းသုံးချင် ရင်တော့ ဈေးကောင်းပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဈေးကောင်း မကောင်းတာ မတွက်တော့ဘူး ပစ္စည်းကောင်း ရရှိဖို့ပဲ ဦးစားပေး Long Lasting ဖြစ်စေရမယ်ဆိုတဲ့ စိတ်နဲ့ လုပ်တဲ့အခါမှာ ကျွန်တော်တို့ ရန်ပုံငွေ တစ်ဖက်က လိုအပ်လာမှာဖြစ်ပါတယ်။ ဒီရန်ပုံငွေကိုလည်း ကျွန်တော်တို့က ရှေ့မှာ ဒီလိုပစ္စည်းဝယ်ရင် ဒီလောက်ကုန်မယ်ဆိုတာနဲ့ တွက်ချက်ပြီး အစစအရာရာ ပြည့်စုံအောင် ဖော်ပြပြီးတော့ တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွမ်းကျင်သော လုပ်သားကောင်းများ ပေါ်ထွက်ရေး ဖြစ်ပါတယ်။ အခုဆိုရင် ပြည်နယ်/တိုင်းအသီးသီးမှာ အရင်တုန်းက Technical High School ဆိုတာတွေ အခုပြန်လည်ပြီးတော့ ဖော်ထုတ်နေပါပြီ။ ဒါတွေက ကျွမ်းကျင်သော လုပ်သားကောင်းများ တကယ် ပေါ်ထွက်မယ့် ကျောင်းလေးတွေ ဖြစ်ပါတယ်။ သူတို့သည် သိပ္ပံပညာလည်း နားလည်ပြီးတော့ တစ်ဖက်ကလည်းပဲ သူတို့ရဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာတွေလည်း နားလည်စေမယ့် ပညာတွေကို တတ်မြောက်အောင်မြင်ပြီးမှ အလုပ်ထဲကို ရောက်ရှိလာကြမယ့် ကလေးတွေ ဖြစ်တဲ့အတွက်ကြောင့်မို့ များစွာ အားထားရမယ့် ကလေးများဖြစ်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ စောစောက ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်ပြသွားတဲ့ အထဲမှာ ပါ ပါတယ်။ လျှပ်စစ်ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ လိုပါတယ်။ လျှပ်စစ်ဥပဒေ ကျွန်တော်တို့ ဒီခန်းမကြီးတွေထဲမှာ ဆွေးနွေးနေတာ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပါပြီ။ ဒီထဲမှာပြည့်စုံအောင် တာဝန်ယူမှု၊ တာဝန်ခံမှုတွေ၊ ပစ္စည်းတွေ သုံးစွဲမှာတွေ၊ စစ်ဆေးမှာတွေ၊ စစ်ဆေးရေးမှူးချုပ် တာဝန်တွေ၊ ကျွန်တော်တို့ အကုန်အပြည့်အစုံ ဖော်ပြပြီးတော့မှ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဘက်က ကျတဲ့တာဝန်ကို ကျွန်တော်တို့ တိတိကျကျ ထမ်းမယ်ဆိုတာကို ကတိပြုပြောကြားလိုပါတယ်။ ဒီနေရာမှာလည်း သက်ဆိုင်ရာ ပြည်သူတွေကိုလည်းပဲ ကျွန်တော်တို့ တစ်ဖက်က တိတိကျကျ လုပ်မယ်ဆိုတဲ့

အချိန်မှာ တစ်ဖက်က ပြည်သူတွေကလည်းပဲ လိုက်ပါပြီးတော့ ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ဒါလေးက ဘာကိုပြောချင်တာလဲဆိုတော့ ပစ္စည်းအရည်အသွေး ထိန်းလိုက်တဲ့အချိန်မှာ သူတို့ အိမ်တွေထဲမှာ သုံးနေတဲ့ကြိုးတွေ အကုန်လုံး အချို့သောပစ္စည်းများ ထပ်ဆင်တော့မယ့် ပစ္စည်းများဟာ ကျွန်တော်တို့ ထပ်လက်ခံနိုင်မှာ မဟုတ်တော့ပါဘူး။ လက်မခံတဲ့အတွက်ကြောင့်မို့လို့ သူတို့တွေနဲ့ ထိုက်သင့်တဲ့ ပြောစရာ ဆိုစရာလေးတွေ ဖြစ်လာနိုင်စရာအကြောင်း ရှိပါတယ်။ ဒါကိုလည်းပဲ ကိုယ်စားလှယ်ကြီးများ အနေနဲ့ မိမိတို့ရဲ့ဒေသတွေကို ပြန်ရောက်တဲ့အခါမှာ ဒါလေးတွေကို ကျွန်တော်တို့ဘက်ကနေ ကူညီပြီး တော့ ထိုက်သင့်သလောက်တော့ ပြည်သူတွေ ဘက်ကနေပြီးတော့ လုပ်ပေးစရာ ရှိတာလေးတွေ လုပ်ပေး စေချင်လို့ ကျွန်တော်တို့ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေထဲမှာ ဓာတ်အား ထုတ်လုပ်မှုရယ်၊ ပို့လွှတ်မှုရယ်၊ ဖြန့်ဖြူးမှုရယ် ဆိုပြီး (၃)ခု ရင်းနှီးမြှုပ်နှံရပါတယ်။ ကျွန်တော်တို့ တစ်ဖက်က ထုတ်လုပ်မှုကို ဦးစားပေးပြီးတော့ နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နေတာတွေဟာ ရေရှည်မှာ နိုင်ငံတော်က ဒါကို ဘယ်လိုနည်းနဲ့မှ တစ်ယောက်တည်း ထုတ်လို့မရဘူး ဆိုပြီးတော့ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးရဲ့ သဘောအရ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်လို့ ထုတ်လုပ်မှုတွေပေါ်မှာ ဒေသခံပုဂ္ဂိုလ်တွေ ပါဝင်လာသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခု တင်ပြလိုတာကတော့ ကျွန်တော်တို့က ကိုယ်တိုင် မလုပ်နိုင်တော့ဘူး။ ကိုယ်တိုင် မရင်း နိုင်တော့ဘူး။ ကိုယ်တိုင် ဘတ်ဂျက်မပေးနိုင်တော့ဘူးဆိုရင် စွန့်လွှတ်မှုတစ်ခုတော့ လုပ်ရမှာဖြစ်ပါတယ်။

ဒီစွန့်လွှတ်မှုက ဘာလဲဆိုတော့ အရင်တုန်းက အစိုးရအဖွဲ့က အရှုံးခံ၊ နိုင်ငံတော်က အရှုံးခံ၊ အရှုံးခံ ပြီးတော့ လုပ်နေတဲ့ ဈေးနှုန်းတွေက တစ်ချိန်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကျတော့ သူတို့က ဒီလိုမလုပ်နိုင်ဘူး။ သူတို့ကတော့ စောစောကတည်းက စလာကတည်းက ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ဘယ်လောက်။ အရင်းကျေကာလက ဘယ်လောက်ကျမယ်။ အကျိုးအမြတ်က IRR က ဘယ်လောက် ရှိမလဲ။ ဒါတွေကို သူတို့က တွက်ချက်ပြီးမှ Investment ကို လုပ်တာ ဖြစ်ပါတယ်။ တစ်ဖက်ကတော့ ဥပဒေအရ သူတို့ကို ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီ Investment ကို လုပ်တဲ့အချိန်မှာ သူတို့ အနေနဲ့ အဲဒီအချက်တွေ မကိုက်ညီဘူးဆိုရင် နောက်ပြန်လှည့်သွားတာ ဖြစ်ပါတယ်။ နောက်ပြန်လှည့် သွားတဲ့အချိန်မှာ ကျွန်တော်တို့ ဘက်က ဒုက္ခပေါင်းစုံ။ စီမံကိန်း နေရာချထားတယ်။ ဘယ်တော့ကျရင် ထုတ်လုပ်မှုက ဘယ်လောက် ရစေရမယ် ဘာညာဆိုတော့ ကိုယ့်ဘက်က နိုင်ငံဘက်ကလည်း ရင်းနှီး မြှုပ်နှံမှုက မလုပ်နိုင်ဘူး။ အဲဒီတော့ ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်တော့လည်း သူတို့က ဒါကို ဒီလိုဖြစ်နေ ပါတယ် ဆိုတာကို ကျွန်တော်က ဘာတင်ပြချင်လဲဆိုတော့ ဒီနေရာမှာလည်း ပြီးခဲ့တဲ့နွေရာသီတုန်းက အတတ်နိုင်ဆုံး ဈေးနှုန်းလေးတွေကို ချပြီးတော့ ဓာတ်အားခတွေကို ချပြီးတော့ ပြည်သူတွေ သက်သာ ပါစေ ဆိုပြီးတော့ စေတနာနဲ့ လုပ်ခဲ့တာလေးတွေ ရှိပါတယ်။ ဒါလေးတွေကလည်း အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်တဲ့အခါမှာ အားနည်းချက်ကလေးတွေ ရှိနေပါသေးတယ်။

စောစောက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အထဲမှာ တွေ့ပါတယ်။ Losses ကျလို့ရှိရင် ဒီထဲကနေပြီးတော့မှ Losses က အခုဆိုရင် (၂၈)ရာခိုင်နှုန်း၊ (၂၅)နဲ့ (၂၈)ပတ်ဝန်းကျင် ရှိရာကနေပြီးတော့ (၂၃)(၂၄) ထိအောင် ရောက်လာပါပြီ။ ဒါက ဘယ်လိုကြည့်လိုက်လို့ရှိရင် Transmission Losses ဆိုလို့ရှိရင် Sub Station တွေ ကြားထဲကနေ တွက်လို့ရပါတယ်။ သုံးစွဲတာဆိုလို့ရှိရင် Sub Station နဲ့

ကျွန်တော်တို့ Unit နဲ့ ပြန်တွက်လိုက်လို့ရှိရင် သုံးစွဲတဲ့အပေါ်ကနေ တွက်လို့ရပါတယ်။ အခု ကျွန်တော်တို့ (၂၃) (၂၄) ရာခိုင်နှုန်းအထိ ကျဆင်းလာပါပြီ။ တကယ်တမ်းကျတော့ Losses တစ်ခု ချတယ်ဆိုတာ အလွယ်တကူ ချလို့ မရပါဘူး။ သူက 1 Percent လောက် ကျဖို့အရေးကို တစ်နှစ်လောက်ကြာအောင် စောင့်ရတဲ့သဘော ရှိပါတယ်။

ဥပမာ တင်ပြလိုတယ်ဆိုရင် တောင်ကိုးရီးယားနိုင်ငံမှာ Losses ချခဲ့တာ ဆိုရင် တစ်နှစ်ဆိုရင် (၁)ရာခိုင်နှုန်းချဖို့ အတွက်ကို သူတို့မှာ တော်တော်ကြီးကို ပင်ပန်းစွာနဲ့ စီမံချက်ချပြီး လုပ်ခဲ့လို့ ၁၉၈၀ ရှေ့ပိုင်းကနေပြီး လုပ်ခဲ့လို့ ကနေ့ ၉၀ လောက်မှာ သူတို့သည် 4 Percent, 5 Percent, 6 Percent, 7 Percent ဒီလောက်ထိ သူတို့ ကျဆင်းလာခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာလည်း ဒီလိုပါပဲ။ Losses ချတယ်ဆိုတာ ပါးစပ်ကပြောတာ လွယ်သလောက် တကယ်လုပ်တဲ့အခါကျတော့ Losses ချတယ်ဆိုတာ အိမ်ထိရောက်အောင် သူက ကြည့်ရတာ ဖြစ်ပါတယ်။ အိမ်ထိ Communicate လုပ်နေတဲ့ ကြိုးလေးတစ်ကြောင်းဟာ သေချာရဲ့လားထိအောင် သွားရမှာ ဖြစ်ပါတယ်။

နောက် ကြိုးတွေသည် မနိုင်ပဲနဲ့ ပေးထားတဲ့အားတွေသည် ကျွန်တော်တို့က မနိုင်ဘူးဆိုလို့ ရှိရင် Losses တွေ များနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဘာလုပ်ရမလဲ Losses ချရင် စောစောက Transmission လိုင်းထဲမှာ ဘာထိအောင် ပို့ရသလဲဆိုတော့ စောစောက 230 KV လိုင်းမှာ ဂိတ်ဆုံးနေပါပြီ။ အဲဒီမှာ Losses က နင်ပဲငဆ ဖြစ်နေပြီ။ ဒါဆိုရင် 500 KV လိုင်းကို ပြောင်းတော့မှာ ဖြစ်ပါတယ်။ ပြောင်းဖို့စီမံချက် တွေလည်း အကုန်လုံးချပြီးတော့ အခုဆိုရင် ဒီကနေ နေပြည်တော်ကနေ မန္တလေးကို သွားလို့ရှိရင် ကားလမ်းဘေးမှာ တိုင်ကြီးတွေ တူးပြီးတော့ Cable Drum တွေ ချထားတာ တွေ့မှာဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့က ဘာလုပ်မလဲ မိတ္ထီလာကနေပြီးတော့ တောင်ငူထိအောင် 500 KV လိုင်းတစ်လိုင်း(၂)နှစ်အတွင်း ပြီးမှာဖြစ်ပါတယ်။ အဲဒီလိုပဲ တောင်ငူကနေတစ်ဆင့် အောက်ဘက် ထိအောင်၊ ပဲခူးထိအောင် ထပ်ဆင့်ပြီးတော့ ဆက်ဆွဲမှာ ဖြစ်ပါတယ်။ ဒါလည်းပဲ ဒီကာလအတွင်းမှာ ပြီးမှာဖြစ်ပါတယ်။ ပဲခူးကနေပြီးတော့ လှိုင်သာယာ စသဖြင့်ဘက်ကိုလည်း ကျွန်တော် တတိယဆင့် ဆက်ဆွဲမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့က မဟာဓာတ်အားလိုင်းရဲ့ Losses ကို တစ်ဖက်က ချရမှာ ဖြစ်ပါတယ်။

တစ်ဖက်ကလည်း Distribution Losses တွေကို အိမ်တွေ အရောက်ထိအောင် ကျွန်တော်တို့ က လိုအပ်တဲ့ကြိုးတွေကို ပြောင်းလဲပြီးတော့ တပ်ဆင်ပြီးတော့ စောစောကတင်ပြခဲ့တဲ့ ဖြစ်ရတဲ့ အကြောင်းရင်း တွေထဲက အချက်အလက်တွေ အချို့ကို ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဘက် ကလည်း တစ်ဖက်က ထုတ်လုပ်မှုပိုင်းဆိုင်ရာရော သယ်ပို့မှုဆိုင်ရာရော၊ ဟန်ချက်ညီညီနဲ့ ဆက်လက်ပြီး တော့ ဆောင်ရွက်သွားပါမယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို ပြန်လည်ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး အနေနဲ့ တော်တော့်ကို စုံစုံစေ့စေ့နဲ့ ရှင်းလင်းပြောသွားတာ ကျေးဇူးအများကြီး တင်ပါတယ်။ အားလည်း အားရစရာ ကောင်းပါတယ်။ လက်တွေ့ ဖြစ်လာမယ်ဆိုလို့ရှိရင်ပေါ့လေ။ ကျွန်တော် နည်းနည်းလေး ဖြည့်စွက်ပြီးတော့ ဆွေးနွေးချင်တာက အခုဟာက အဓိက က မဂ္ဂါဝပ်ကို အများဆုံး သုံးနေတာက

ရန်ကုန်နဲ့ မန္တလေး ဖြစ်ပါတယ်။ ရန်ကုန်ဟာဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ သူက ပြောရလို့ရှိရင် သုံးပုံပုံနှစ်ပုံလောက်ကို သုံးနေသလို ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အဓိက ကတော့ ကျွန်တော်က နမူနာလေး ပြောချင်ပါတယ်။

ဥပမာ - စိုက်ပျိုးရေးစီမံကိန်းတစ်ခု လုပ်မယ်ဆိုလို့ရှိရင် ဒါက နိုင်ငံတကာ အဖွဲ့အစည်းတွေ အနေနဲ့ ငွေချေးတာနဲ့ ပတ်သက်လာလို့ရင် ပိုသိတာပေါ့။ ဒါ ကျွန်တော်တို့က Pilot Farming ပေါ့။ Pilot Project ကို ကျွန်တော်တို့ လုပ်ပါတယ်။ ဒီကနေပြီးတော့ ဒီ Data တွေကို ဒါ ယူပြီးတော့မှ တစ်နိုင်ငံလုံး အတိုင်းအတာ၊ ပြည်နယ်နှင့်တိုင်း အတိုင်းအတာကို လုပ်တဲ့ သဘာဝဖြစ်ပါတယ်။ ဥပမာ - နောက်တစ်ခါ လယ်/ဆည်အောက်မှာပဲ ဆည်မြောင်းကို လုပ်လို့ရှိရင် ဒီစီမံကိန်း ရေသောက်ဧရိယာကြီးက ဧက (၅)သောင်း ရှိတယ်။ (၁)သိန်းရှိတယ်။ ကင်းတားတို့ပဲဖြစ်ဖြစ်၊ ကျွန်တော် နမူနာပြောရရင် နမူနာ(၂)ခုပဲ ပြောပါမယ်။ ဆည်တော်ကြီး ဆိုလို့ရှိရင် ဧကသိန်းချီ ရှိတာပါ။ အာရှဖွံ့ဖြိုးရေးဘဏ်က ချေးမယ်ဆိုလို့ ရှိရင် သူက ဘာလုပ်လဲဆိုရင် Land Consolidation ပေါ့။ လုပ်မယ်ဆိုရင်တော့ အခု အိမ်ရာတွေတော့ ဖြစ်သွားပြီပေါ့လေ။ ပြင်လွင်ဦးအထွက် အောင်ပင်လယ်ဘက်မှာဆိုလို့ရှိရင် ဒါဟာ Land Consolidation အတွက် Pilot Project လုပ်ပါတယ်။ တူးမြောင်းတွေကို တကယ့် ဒီ Pilot Area အတွင်းမှာ တူးတယ်၊ ကုန်ထုတ်လမ်းတွေကို ဖောက်တယ်။ ရေနုတ်မြောင်းစနစ်တွေ လုပ်တယ်။ လှည်းတွေ ဘာတွေကို လွယ်လွယ်ကူကူဝင်ရအောင် လုပ်တယ်။ Farm Road, Feeder Road အားလုံးလုပ်တယ်။ ဒီကနေရမှာ ဒီဒေသကြီးမှာ ဒီ Data ကြီးမှာ ရေသောက်ဧရိယာကြီးတစ်ခုလုံးကို သူက Representative ဖြစ်သလား မဖြစ်ဘူးလား ဆိုတာ လုပ်ပါတယ်။

နောက်တစ်ပိုင်းက ဂျပန်နိုင်ငံ OECF ရဲ့ ချေးငွေနဲ့လုပ်တဲ့ တောင်နဝင်း ရွှေ့ပြေးစီမံကိန်း ဆိုတာ ဝက်ပုတ်နားမှာ ရှိပါတယ်။ အဲဒီတော့ ဒီမှာ အဲဒီ ဝက်ပုတ် Pilot Project က ဒုဝန်ကြီးလည်း သိပါတယ်။ သူ အဲဒီဒေသကနေပြီးတော့ သူ ထွက်လာတာပါ။ အဲဒီတော့ ဒီမှာလုပ်ပြီးမှ တောင်နဝင်း စီမံကိန်းကြီးကို ရေသောက်ဧရိယာ (၆၂၅၀၀)ဧက ကျွန်တော်မှတ်မိပါတယ်။ ဒါကို ကျွန်တော်တို့က ဘာစိုက်မလဲ၊ ရေ ဘယ်လိုပေးမလဲ၊ Crop Water Requirement ဘယ်လိုရှိသလဲ၊ Losses ဘယ်လောက်ရှိသလဲ ဒါမျိုးတွေနဲ့ ကျွန်တော်တို့ လုပ်ပါတယ်။ ဒီသဘောရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဘယ်လိုဖြစ်လဲဆိုတော့ နောက်တစ်ခု ဒါက နမူနာ Pilot Project ပြောတာပါ။ ဥပမာ - တရုတ်ပြည်ကြီး တိန့်ရှောင်ဖိန့်လက်ထက်က ကျွန်တော်တို့ လေ့လာရသလောက်က တရုတ်ပြည်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သလဲ။ ဒါ ကျွန်တော်တို့ သိတာက ရှန်ဟိုင်း အထူးစီးပွားရေးဇုန်ကို လုပ်ပြီးမှ၊ ဒါ Pilot Project သဘောမျိုးနဲ့ လုပ်ပြီးမှ၊ ဒီ ရှန်ဟိုင်းဧရိယာမှာ အောင်မြင်ပြီးမှ ပြည်နယ်တွေအလိုက် အကုန်လုံး တဖြည်းဖြည်းနဲ့ တိုးချဲ့သွားပြီး ဒီနေ့ တရုတ်ပြည်ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေဟာ အကုန်လုံး ထိုးထောင်တက်သွားတာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် မှတ်သားသလောက် တင်ပြတာပါ။

နောက်တစ်ပိုင်းက ကျွန်တော်တို့ဟာ ကျေးလက်မီးလင်းရေးတွေကို ဒီဘက်ခေတ်မှာ အခု (၁)နှစ် (၂)နှစ်အတွင်းမှာ တစ်အားဦးစားပေးပါတယ်။ ကြိုဆိုရမှာပါ။ ဒါ လိုလည်း လိုလားပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးမှာဆိုရင် လျှပ်စစ်က ကျေးလက်ရမှာသာ လက်ခံပါတယ်။ ဖြစ်နေတာက တစ်ချိန်က ဒါ ကျေးလက်မီးလင်းရေးကို Block လုပ်တဲ့သဘောမျိုးနဲ့ ပုံစံမျိုးပေါက်နေတယ်။ လုပ်တယ် လို့တော့ ကျွန်တော် မဆိုလိုဘူးခင်ဗျား။ အချက်(၂၄)ချက်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေ မိမိတို့

ဒေသတွေကတစ်ဆင့် သိပါလိမ့်မယ်။ အချက်(၂၄)ချက်နဲ့ ကိုက်ညီမှသာလျှင် ကျေးလက်မီးလင်းရေးက ရပါတယ်။ အဲဒီထဲမှာ တကယ့်ကို ဖြစ်နေတာက ဘာလဲဆိုရင် ACSR နဲ့ ကျွန်တော်တို့ သွယ်လို့မရပါဘူး။ ကျွန်တော်တို့ Aluminium Conductor Steel Reinforced ခေါ်တာပေါ့ အရှည်ကောက်က။ ACSR ကြိုး အဲဒီကဟာနဲ့ သွယ်လို့ရှိရင် မရပါဘူး။ Bare Copper Wire နဲ့သာလျှင် လုပ်ရပါတယ်။ အနည်းဆုံး No.4, No.6, ဖြစ်ပြီး No.8 တောင် မရဘူးခင်ဗျား။ Bare Copper Wire ရမှ ဒီကြေးကြိုးကို မတတ်နိုင်လို့မို့ လုပ်ထားတာ။ ဒါ (၂၄)ချက်ထဲမှာ အခက်ခဲဆုံးပါ။ ဒုဝန်ကြီး သိပါတယ်။ အခုကျတော့ တစ်နှစ်လောက် အတောတွင်းမှာ ဝုန်းဆိုပြီး လုပ်ချလိုက်တဲ့အခါမှာ ဖြစ်နေ တာက ACSR တွေကို ပြန်ပြီးတော့ ခွင့်ပြုတယ်။ ACSR ကြိုးတွေကို ခွင့်ပြုတဲ့အခါမှာ ဒီကြားထဲမှာ ဒါ သိပါတယ် လူတိုင်းလည်း ကျွန်တော်တို့ Conductor မတူဘူး။ Bare Copper Wire နဲ့ Aluminium နဲ့က Contact မှာ လုပ်လို့ရှိရင် ဒါ သဘာဝအားဖြင့် သူ့ရဲ့ Hard Drawn ချင်းအတူတူ Aluminium က ပျော့ကျပြီး ပျက်ကျမှာပဲ။ သူ့ရဲ့ Current Voltage မမှန်လို့ရှိရင်။ အခု ဒါတွေကို လုပ်လို့ရှိရင် ကျွန်တော်တို့က အလူမီနီယံ Insulated Conductor တွေ သုံးမယ်လို့တော့ ပြောပါတယ်။ ဒါက ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော် ပြောချင်တာက လွှတ်တော်ကိုယ်စားလှယ်တွေလည်း လျှပ်စစ်ဘတ်ဂျက် ဆိုလို့ရှိရင်လည်း မထိရဲပါဘူး။ တတ်နိုင်သမျှ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ကလည်း လိုလားနေတဲ့ ဥစ္စာ ကျွန်တော်တို့က လွှတ်တော်က ဖြည့်ဆည်းဖို့ဆိုတာ ကိုယ်လည်း တာဝန်ရှိပါတယ်။ ဒါကြောင့် ရန်ပုံငွေကတော့ တဖြည်းဖြည်းနဲ့ နှစ်အလိုက် နှစ်အလိုက် ဘယ်လောက်ရရှိတယ်ဆိုတာလဲ ဝန်ကြီးဌာနက သိပါတယ်။ ကျွန်တော်တို့လည်း အားလည်းပေးပါတယ်။

ဒါကြောင့် ကျွန်တော်တို့က နည်းနည်းလေးများ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေ၊ မန္တလေးလို မြို့ကြီးမှာ သူ့ရဲ့ Down Town ဧရိယာကနေစပြီးတော့မှ တစ်ဖြည်းဖြည်း Periphery ကို လိုက်ပြီးတော့မှ ကျွန်တော်တို့က Pilot Project ကို တဖြည်းဖြည်းလုပ်သွားလို့ရှိရင် ဒါဟာ လိုတာ အကုန်ဖြည့်တင်းမယ်။ ဒီက Transformer ခုန ဒုတိယဝန်ကြီး ပြောသွားသလို မနိုင်မနင်းနဲ့ ပေါက်ကွဲတယ်၊ ဘာတွေ၊ ကျွန်တော်တို့က ဒါတွေ ထိုင်းတို့၊ စင်ကာပူတို့မှာဆိုရင် Transformer ဆိုတာ ဒီ ရပ်ကွက်တစ်ခု ၅၀၀ KVA Transformer ထိုင်ထားလို့ရှိရင် သူ့က တာဝန်ကို ထမ်းဆောင်ခိုင်းတာ (50) Percent ပဲ ထမ်းဆောင် ခိုင်းတယ်။ သူ့ Neighbouring Transformer က (၅၀၀) ဆိုလို့ရှိရင်လည်း (၂၅၀)၊ Neighbouring ပျက်သွားလို့ရှိရင် ဒီ (၅၀၀) ထရန်စဖော်မာ က တာဝန်အခိုက်အတန့် ယူပြီးတော့ (၅၀၀)လုံး အပြည့်အဝ ထမ်းဆောင်တယ်။ ဒါ ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ အခြေအနေကလည်း KVA (၅၀၀)ကျော်နေလို့ ကျော်နေ။ ဒီလိုဖြစ်နေတာက Over Load ပေါ့လေ ဖြစ်နေတာလေးတွေ၊ ဒါလေးတွေကို ကျွန်တော်တို့က အပြုသဘောနဲ့ ပြောတာပါ။ Pilot Project များ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မန္တလေးကပဲ ဖြစ်ဖြစ်၊ ဘယ် အောင်မြေကို စလုပ်မလဲ။ ရန်ကုန်မှာဆိုရင် Down Town မှာ ဒဂုံလုပ်မလား။ ဘယ်ဟာလုပ်မလဲ။ ကျွန်တော် လသာ လုပ်မလား။ ဒီလို Project မျိုးကို လုပ်မယ်ဆိုရင် ကြိုးကိုလည်း တကယ် Parker လုပ်ပါ ဒီဟာ။ ကျွန်တော်တို့ နေပြည်တော်လိုပဲ။

နောက်တစ်ခါ ကျွန်တော်တို့က ပစ္စည်းကိုလည်း ကျွန်တော်တို့က တကယ့် Specification ကိုက်ညီတဲ့ ဥစ္စာတို့နဲ့ ခုနပြောတဲ့ Earth Ring တွေလည်း တကယ် ပါ/မပါ။ တစ်နိုင်ငံလုံးဆိုရင် ဒီ Earth Ring ဆိုတာလည်း မရှိသလောက်ပါ။ ရန်ကုန်မှာ ဒီလို Pilot Project လိုများ သူ့ရဲ့ မြို့နယ်တွေမှာ လုပ်လို့များရှိလို့ရှိရင် ဒါကတော့ ကျွန်တော်တို့ကတော့ ကိုယ့်သုံးသပ်ချက်ကလေးကို ဒီမှာ အလျဉ်းသင့်လို့၊ ကြုံကြိုက်လို့ ကျွန်တော်တင်ပြခြင်း၊ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း တင်သွင်းတဲ့ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူမတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၄၈)၊ ကန့်ကွက်(၂)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၄း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]